ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်၊ ကြာသပတေးနေ့။ Thursday, 15 August 2019 ၉၇၄၂

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ လူဇင်ဘတ်နိုင်ငံသံအမတ်ကြီး မစ္စတာဂျင်းပေါလ် ဆန်နီဂါက ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာဂျင်းပေါလ် ဆန်နီဂါသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဲခေါင်-ဂျပန်ချစ်ကြည်ရေးနှစ် ၂၀၁၉ အခမ်းအနား တက်ရောက်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ် ၂၀၁၉ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ် ၂၀၁၉ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့မင်္ဂလာတေးသီချင်း၊ မဲခေါင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ မဲခေါင်-ဂျပန် ဂုဏ်ပြုစုပေါင်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြားရာတွင် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက အခြားသော ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

## ကြေးမုံ ယနေ့ ဖတ်စရာ

**အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်းပေါ်ရှိ ဝါးပြားချောင်းကူးရေပုပ်သိုးတံတားကို အသစ်တည်ဆောက်ပေးရန် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် လျာထား** စာမျက်နှာ » ၆

**ပုဂ္ဂလိက ပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသောလက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် တိုက်တွန်းကြောင်းအဆိုကို အတည်ပြု** စာမျက်နှာ » ၇

## မုတ်သုံလေ အားအသင့်အတင့်ရှိ

(ဩဂုတ် ၁၄ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်ပါသည်။

**မိုး/ဇလ**

## ရွှေကျင်မြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ရာသီဥတုပြောင်းလဲမှုကိုကြိုတင်ကာကွယ်

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံများစွာတို့သည် သဘာဝဘေးဒဏ်အမျိုးမျိုးတို့ ခံစားနေရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သဘာဝဘေးဒဏ်အမျိုးမျိုးတို့ကြောင့် ထိခိုက်ခံစားကြရသည်မှာ ပြည်သူများဖြစ်ကြသည့်အပြင် သက်ဆိုင်ရာနိုင်ငံအစိုးရတို့လည်း ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ရသည်။ နှစ်စဉ်နှစ်တိုင်း ဖြစ်ပွားနေပါက နှစ်စဉ်နှစ်တိုင်း ဆုံးရှုံးမှုများနှင့်ကြုံတွေ့နေရမည်ဖြစ်ရာ ထိုသို့ဖြစ်ပွားမှုမှ လျော့နည်းသက်သာစေရေး ကမ္ဘာ့လူသားအားလုံး နည်းလမ်းရှာဖွေ ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

ယခုလတ်တလောဖြစ်စဉ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားခြင်း၊ တောင်ပြိုမြေပြိုဖြစ်ပွားခြင်းတို့ ဖြစ်ပေါ်လျက်ရှိရာ ထိခိုက်ဆုံးရှုံးနစ်နာမှုများအပြင် လူ့အသက်များ သေဆုံးရသည်အထိ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ် ထောက်ပံ့လှူဒါန်းမှုများ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ မိုးသည်းထန်မှု လျော့ကျသွားသည်ကိုလည်း တွေ့ရသည်။ မိုးများခြင်းသည် သဘာဝဘေးဖြစ်နိုင်သကဲ့သို့ မိုးနည်းခြင်းသည်လည်း ဒုက္ခအခက်အခဲကြုံတွေ့နိုင်သည်ကို မိုးရာသီကာလ မိုးရေမရသောဒေသများက သက်သေပြလျက်ရှိသည်။

ယခုနှစ် မိုးရာသီကာလတွင် မြန်မာနိုင်ငံသည် မုတ်သုံအဝင်နောက်ကျ၍ မုတ်သုံအထွက်စောမည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။ လက်ရှိအနေအထားအရ နှစ်စဉ်ရွာသွန်းသည့် မိုးရေချိန်ပမာဏ ပြောင်းလဲမှုမရှိနိုင်သော်လည်း ထိုသို့ ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက်ရေကြီးရေလျှံမှုများ ကြုံတွေ့နိုင်သလို မိုးရေပြတ်လပ်မှုများနှင့်လည်း ကြုံတွေ့နိုင်သဖြင့် ကြိုတင်ပြင်ဆင်၍ လုပ်ဆောင်ဖွယ်ရာများကို သတိမူဆောင်ရွက်ထားရမည်ဖြစ်သည်။

ယခုမိုးရာသီတွင် ပုံမှန်အားဖြင့် မိုးသည်းထန်သည်ဟု ထင်ရသော်လည်း ဆည်တမံများတွင် မိုးရေလုံလောက်မှုမရှိသေးချေ။ ယခင်နှစ် ကာလတူအချိန်ထက် ဆည်ရေဝင်ရောက်မှု များစွာလျော့နည်းနေသည်ဟု သိရသည်။ ထိုအချိန်တွင် မုတ်သုံအထွက်စောပါက စိုက်ပျိုးရေ၊ သောက်သုံးရေအတွက် များစွာအခက်အခဲရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ မိုးသည်းထန်မှုဒဏ်ကို နိုင်ငံ၏အစိတ်အပိုင်းအချို့သာ ကြုံတွေ့ခဲ့ရပြီး မိုးခေါင်သည့်ဒဏ်ကို ခံစားနေရသည့် ဒေသများလည်းရှိသည်ကို သတိမူရမည်ဖြစ်သည်။

ထို့ကြောင့် လက်ရှိရရှိပြီး သောက်သုံးရေ၊ စိုက်ပျိုးရေတို့ကို ခြိုးခြံချွေတာသုံးစွဲရန်နှင့် အလေအလွင့်မဖြစ်အောင် အထူးဂရုစိုက်ဖို့ လိုမည်ဖြစ်သည်။ ရေပေါများသောဒေသများတွင် ရေသိုလှောင်ထားရန်နှင့် ရေရှားပါးသောဒေသများသို့ မျှဝေပေးနိုင်ရန်လည်း စီမံထားသင့်ပေသည်။ ရေဘက်ဆိုင်ရာ တာဝန်ရှိသူများသာမက သုံးစွဲသူပြည်သူများနှင့် တောင်သူလယ်သမားများ သိရှိလိုက်နာနိုင်ရေး အသိပညာပေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်ပေးသွားရမည်ဖြစ်သည်။

အရေးကြီးသည်မှာ ယခုဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးများ လျော့နည်းကျဆင်းလာစေရေးအတွက် ကမ္ဘာ့ရာသီဥတုကို တည့်မတ်ထိန်းညှိပေးနိုင်ရန် ကမ္ဘာ့လူသားများအားလုံး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါသို့ ရောက်ရှိနေသည်ကို သတိမူရမည် ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် မပျက်စီးမှုအတွက် အဓိကထိန်းညှိပေးမည့်အရာမှာ သစ်တောသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးဖြစ်သဖြင့် လူသားအားလုံး သစ်ပင်ကိုနှစ်စဉ်စိုက်ပျိုးပြီး သစ်တောသစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ သစ်တောသစ်ပင်များသည် ရာသီဥတုကိုလည်း ထိန်းသိမ်း၊ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်း၊ ရေကိုလည်း ထိန်းသိမ်းသဖြင့် အကျိုးကြီးမားသည်ကို အသိပညာပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝတရား၊ သဘာဝဘေးနှင့်ပတ်သက်၍ ယခုကြုံတွေ့ခဲ့ရမှုများကို သင်ခန်းစာယူ၍ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၏ အဓိကအရေးအကြီးဆုံးအချက်ဖြစ်သည့် သစ်တောသစ်ပင်များဖြစ်ထွန်းခြင်း၏ အရေးပါမှုကို သိမြင်နားလည်ပြီး သစ်ပင်စိုက်ပျိုးရေး၊ ထိန်းသိမ်းရေးကို အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းကြိုးပမ်း လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျော်ဂျီယာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာသံအမတ်ကြီး မစ္စတာ နီးကိုလာ့စ် အပ်ခါဇာဘာအား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု မြှင့်တင်နိုင်ရေး၊ မြန်မာ-ဂျော်ဂျီယာ နှစ်နိုင်ငံလွှတ်တော် ချစ်ကြည်ရေးအသင်းတည်ထောင်နိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာသံအမတ်ကြီး မစ္စတာနီးကိုလာ့စ် အပ်ခါဇာဘာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ကျိုက်မရောမြို့ ရေဘေးကယ်ဆယ်ရေးအတွက် ဖိုက်ဘာစက်တပ်လှေတစ်စင်းနှင့် အသက်ကယ်အင်္ကျီများ လှူဒါန်း

**ကျိုက်မရော ဩဂုတ် ၁၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း နှစ်စဉ် အတ္တရံမြစ်ရေမြင့်တက်မှုနှင့် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုများကြောင့် မြို့ပေါ်ရပ်ကွက်အချို့နှင့် အနိမ့်ပိုင်းကျေးရွာများ၌ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံနေရသဖြင့် သွားလာရခက်ခဲသော ရေနစ်မြုပ်သည့်ကျေးရွာများသို့ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်



ဝေပေးရန်နှင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် ယနေ့နံနက် ၁၁ နာရီက Golden Yangon City Transportation Co;Ltd.) မှ ငွေကျပ် ၁၈၆၀၀၀၀ တန်ဖိုးရှိ ဖိုက်ဘာစက်တပ်လှေတစ်စင်းကို ရေဘေးကွပ်ကဲရေးရုံးသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးအပ်နိုင်ရန်နှင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် (Swiss Agency For Development and Cooperation SDC) မှ အသက်ကယ်အင်္ကျီ အထည် ၅၀ ကို ကွပ်ကဲရေးရုံးတာဝန်ရှိသူများထံ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၄,၉၃၉ | ၅၇,၅၉၈,၅၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၅၀ | ၈,၅၈၄ | ၃၁,၅၉၃,၆၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၉၀ | ၁,၅၉၆,၀၀၀ |
| FPB | ၂၆,၀၀၀ | ၂၆,၅၀၀ | ၇၁၃ | ၁၈,၅၇၂,၀၀၀ |
| TMH | ၃,၀၀၀ | ၃,၀၅၀ | ၂,၇၀၅ | ၈,၁၉၄,၈၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်(ရွှေဈေး) ၁၂၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၀၀၀

**စက်သုံးဆီဈေးနှုန်း** — **ရန်ကုန်**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၄၀/၈၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၇၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၅၀/၈၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၃၀/၈၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၀/၈၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၄၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၂.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၀.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၀၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၁.၂၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၁၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၀.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၆၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၁.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအနက် စိစစ်ပြီးသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ စတင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံချင်း ညှိနှိုင်းဆွေးနွေးမှု အခြေအနေများနှင့် ယင်းလုပ်ငန်းစဉ်များအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ကူညီဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျော်ဂျီယာသံအမတ်ကြီးနှင့် လူဇင်ဘတ်သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကွာလာလမ်ပူမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာသံအမတ်ကြီး မစ္စတာ နီးကိုလာ့စ် အပ်ခါဇာဘာ အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ လူဇင်ဘတ်သံအမတ်ကြီး မစ္စတာ ဂျင်းပေါလ်ဆန်နီဂါ အား ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး**

ဂျော်ဂျီယာသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-ဂျော်ဂျီယာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများ အပါအဝင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

လူဇင်ဘတ်သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-လူဇင်ဘတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျော်ဂျီယာသံအမတ်ကြီး မစ္စတာ နီးကိုလာ့စ် အပ်ခါဇာဘာ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူဇင်ဘတ်သံအမတ်ကြီး မစ္စတာ ဂျင်းပေါလ်ဆန်နီဂါ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ၂၀၁၉ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ် "လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်းတို့ကာကွယ်"

ရည်ရွယ်ချက် (၄) ရပ်

၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။

၂။ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။

၃။ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။

၄။ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

☆ ရှေ့စုံမှ

နိုင်ငံများကို ဂျပန်နိုင်ငံက အကူအညီပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ရည်မှန်းချက်မှာ မဲခေါင်ဒေသနိုင်ငံများ၏ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးပင် ဖြစ်ပါကြောင်း။



မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ် ၂၀၁၉ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများမှ သံအမတ်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများကို တွေ့ရစဉ်။

### ဦးစားပေးဆောင်ရွက်

၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ (၃)နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် တိုကျိုမဟာဗျူဟာ ၂၀၁၈ ကိုလည်း ချမှတ်ခဲ့ပါကြောင်း၊ ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင် ဒေသတွင်းပေါင်းစည်းချိတ်ဆက်မှုမြှင့်တင်ရေးမဏ္ဍိုင်၊ ပြည်သူအခြေပြု အဖွဲ့အစည်းမဏ္ဍိုင်နှင့် စိမ်းလန်းသော မဲခေါင်ဟူသည့် မဏ္ဍိုင် (၃)ရပ်ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ ပြည်သူပြည်သားများ ပိုမိုနားလည်မှု၊ ခင်မင်မှု၊ ပူးပေါင်းဆောင်ရွက်မှုရှိရေးကို အဓိကဦးတည်ခြင်းပင်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၊ ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးအတွက် အကျိုးရှိစေမည့် စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုနှစ် ၂၀၁၉ ခုနှစ်ကို မဲခေါင်-ဂျပန်ချစ်ကြည်ရေးနှစ်အဖြစ် သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်ဒေသကို အခြေခံသည့် ရုပ်ရှင်ရိုက်ကူးခြင်း၊ မဲခေါင်ဒေသစီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သော ထွန်းသစ်စလူငယ်လုပ်ငန်းရှင်များ၏ အောင်မြင်သည့် စီမံကိန်းများတင်ပြခြင်းနှင့် မဲခေါင်အလှ ပန်းချီပြပွဲ / ပြိုင်ပွဲကျင်းပခြင်းဆိုသည့် အစီအစဉ်(၃)ခုကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အထူးသဖြင့် မိမိတို့သည် လူငယ်လုပ်ငန်းရှင်များ၏ကဏ္ဍကို အထူးအလေးထားပါကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံဒေသတွင်း ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံတွင်ပါဝင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် လူငယ်လုပ်ငန်းရှင်များကို အားကိုးပါကြောင်း၊ စီးပွားရေးအတွက် သာမကဘဲ ဆန်းသစ်တီထွင်တတ်သည့် လူငယ်များ၏ဉာဏ်ပညာ၊ အတွေးအခေါ်များကိုလည်း အားကိုးပါကြောင်း။

### သတ်မှတ်ထား

ထို့ကြောင့် ယနေ့ကဲ့သို့ နေ့မျိုးသည် လူငယ်လုပ်ငန်းရှင်များ၏ တီထွင်နိုင်သည့် အရည်အသွေးနှင့် ဉာဏ်ပညာကို အားပေးသည့် နေ့တစ်နေ့ဖြစ်သည်ဟု ယူဆပါကြောင်း၊ ယခုဆိုလျှင် စတုတ္ထမြောက် နည်းပညာတော်လှန်ရေးစတင်နေပြီဟု ကမ္ဘာက သတ်မှတ်ထားပါကြောင်း။

ထိုကဲ့သို့ စတုတ္ထမြောက် နည်းပညာတော်လှန်ရေး၏ ကောင်းကျိုးများကို တော်တော်များများက မီးမောင်းထိုးကြည့်နေကြပါကြောင်း၊ သို့သော်ငြားလည်း နည်းပညာတော်လှန်ရေး၏ ဆိုးကျိုးများရှိသည်ကိုလည်း မမေ့သင့်ပါကြောင်း၊ မည်သည့်ကိစ္စမဆို ကောင်းကျိုး၊ ဆိုးကျိုးဖြစ်ပေါ်နိုင်သည့်အတွက် ကောင်းကျိုးများကို ဦးစားပေးဆောင်ရွက်ရင်း ဆိုးကျိုးများ ပျောက်ကွယ်စေရန် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

### အစဉ်အမြဲတိုးတက်မည်

နည်းပညာ တော်လှန်ရေးခေတ်တွင် လူသားများ၏ အရည်အသွေးနှင့် အရေးပါမှုကို အလေးထားရမည်ဖြစ်ပါကြောင်း၊ အဓိကထားရမည့် အကြောင်းအရာများတွင် လူသားချင်းဆက်ဆံရေးလည်း ပါဝင်ပါကြောင်း၊ လူသားချင်းဆက်ဆံရေးကို အဓိကထားဆောင်ရွက်သွားမှသာ မိမိတို့ ကမ္ဘာကြီးသည် အစဉ်အမြဲ တိုးတက်မည်ဖြစ်ပါကြောင်း။

စီးပွားရေး အောင်မြင်အောင် ဆောင်ရွက်ရာတွင် ပထမဦးဆုံးအနေဖြင့် အခြားသူများ၏ လိုအပ်ချက်က မည်သည့်အရာဖြစ်သည်ကို သိရှိအောင် ဆောင်ရွက်ရပါကြောင်း၊ မည်သူကမျှ လိုအပ်ခြင်းမရှိသည့် အရာများကို ထုတ်လုပ်ခြင်း၊ လုပ်ဆောင်ခြင်းသည် စီးပွားရေး အောင်မြင်မှု မရရှိနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ နိုင်ငံသားများ၏ လိုအပ်ချက် ဖြည့်ဆည်းပေးခြင်းဖြင့် တိုးတက်နိုင်မည်ဖြစ်ပါကြောင်း။

### အလေးထားဆောင်ရွက်

ထို့အတူပင် ဒေသတွင်းတွင်လည်း လက်တွဲဖက်နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရင်းဖြင့် ရှင်သန်သွားမည်ဆိုလျှင် တစ်နေ့ထက်တစ်နေ့ တိုးတက်လာမည် ဖြစ်ပါကြောင်း၊ လူငယ်များအတွက် မိမိတို့အစိုးရအနေဖြင့် အထူးအလေးထား ဆောင်ရွက်နေပါကြောင်း။

သို့သော်ငြားလည်း လိုအပ်ချက်များသည် အချိန်နှင့်အမျှ ပြောင်းလဲနေမည်ဖြစ်ပါကြောင်း၊ မဲခေါင်ဒေသတွင်းရှိ လူငယ်များ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်စေရန် အထူးအလေးထားပါကြောင်း၊ မိမိတို့နိုင်ငံများသည် ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာ စီးပွားရေးပုံစံငယ် ယှဉ်ပြိုင်ပွဲ ၂၀၁၉ တွင် တတိယဆုရရှိခဲ့သည့် MMtutors Group အား ဆုပေးအပ်ချီးမြှင့်စဉ်။

### ခင်ခင်မင်မင်ပြိုင်ဆိုင်

သို့သော် မိမိတို့ဒေသနိုင်ငံများ၏ ယဉ်ကျေးမှုတွင် တန်ဖိုးရှိသည့် အတွေးအခေါ်များ၊ တန်ဖိုးရှိသည့် အရာများပါဝင်ပါကြောင်း၊ ထိုအရာများကို ထိန်းသိမ်းထားခြင်းဖြင့် မိမိတို့ နိုင်ငံများ၏ တိုးတက်မှု၊ ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များ စီးပွားရေးအရ ပြိုင်ဆိုင်ရာတွင် ခင်ခင်မင်မင်ပြိုင်ဆိုင်မှုကို မိမိတို့ ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ရန်သူသဖွယ်ပြိုင်ဆိုင်ခြင်း မဟုတ်ဘဲ တစ်ယောက် အရည်အချင်းတက်အောင် ကျန်တစ်ယောက်က တွန်းအားပေးသည့် ပုံစံမျိုးဖြင့် ပြိုင်ဆိုင်မှုကို မိမိတို့ဆိုလိုခြင်းဖြစ်ပါကြောင်း။

မိမိတို့ မဲခေါင်ဒေသနိုင်ငံများနှင့်အတူ ဂျပန်နိုင်ငံပါဝင်ခြင်းမှာ ဝမ်းသာစရာဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုနှင့် မိမိတို့ ပြိုင်ဆိုင်ခြင်းဖြင့် မိမိတို့အတွက် အရည်အချင်းများပိုမိုတိုးတက်လာအောင် အားပေးနေခြင်းဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံသည် မိမိတို့နိုင်ငံများအပေါ် ခင်မင်သည့်စိတ်ဓာတ်၊ ဖွံ့ဖြိုးတိုးတက်စေချင်သည့် စေတနာဖြင့် ဝိုင်းဝန်းလုပ်ဆောင်ပေးနေသည့်အတွက် ယခုလိုကြုံကြိုက်သည့်အချိန်တွင် ကျေးဇူးတင်စကား ပြောကြားလိုကြောင်း။

ယခုဆိုလျှင် မိမိတို့ မဲခေါင်ဒေသနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို မဲခေါင်ဒေသအတွင်းမှ လူငယ်များ၏ နည်းပညာ၊ တီထွင်ဆန်းသစ်မှုများနှင့် ပေါင်းစပ်ပြီး ပိုမိုဆန်းသစ် အားကောင်းစေရန် အားလုံးကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ မျှော်မှန်းချက်များထားရှိခဲ့သည့်အတွက် ယနေ့ကျင်းပသည့် မဲခေါင်-ဂျပန် (၁၀)နှစ်ပြည့် အခမ်းအနားတွင် “မဲခေါင်ဒေသစီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သော ထွန်းသစ်စလူငယ်လုပ်ငန်းရှင်များ၏စီမံကိန်းများ တင်ပြဆွေးနွေးခြင်း”အစီအစဉ်ကို ထည့်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း။

### အောင်မြင်မည်ဟု ယုံကြည်

မိမိတို့ နောင်အတွက် စဉ်းစားရန်ဆိုသည်မှာ ယနေ့အပေါ်တွင် အခြေခံပါကြောင်း၊ အနာဂတ်သည် ပစ္စုပ္ပန်အပေါ်တွင် အခြေခံခြင်းဖြစ်ပါကြောင်း၊ ယနေ့ခေတ်လူငယ်များသည် နောင်တစ်ခေတ်တွင် လူကြီးများဖြစ်ပါကြောင်း၊ မိမိတို့ ဖွံ့ဖြိုးစနိုင်ငံများကလည်း နောင်တစ်ခေတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများဖြစ်ရန်မှာ မိမိတို့မျှော်မှန်းချက်များဖြစ်ပါကြောင်း၊ အောင်မြင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်သော အခွင့်အရေးများရလာသည့် အချိန်အခါတွင် အားလုံးက အကျိုးရှိအောင် အသုံးချစေလိုပါကြောင်း၊ မိမိတို့အချင်းချင်းအကြားတွင် ပိုမိုနားလည်မှုရှိပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ **စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

ထပ်မံသတ်မှတ်နိုင်ရန် လိုအပ်ပါကြောင်း၊ တိုးတက်ရန်ဆိုသည်မှာ မျှော်လင့်နေရုံ၊ အိပ်မက်မက်နေရုံဖြင့် မရနိုင်ဘဲ ဝါယမစိုက်ထုတ် အလုပ်လုပ်ယူမှ ရမည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ၏ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုသည် ဂျပန်နိုင်ငံသူ နိုင်ငံသားများ၏ လုံ့လ၊ ဝီရိယကြောင့် ဆိုသည်ကို အများက လက်ခံယုံကြည်ပါကြောင်း။

ထို့ကြောင့် မိမိတို့သည် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ပြီး မဲခေါင်-ဂျပန် (၁၀)နှစ်ပြည့် အထိမ်းအမှတ် ကျင်းပသည့် အခမ်းအနားမှ တစ်ယောက်နှင့်တစ်ယောက် မိတ်ဆွေများသဖွယ်၊ တစ်ယောက်နှင့်တစ်ယောက် ဆရာတပည့်များသဖွယ်၊ တစ်ယောက်ဆီက တစ်ယောက် သင်ယူလိုသည့်စိတ်၊ မျှဝေသင်ပေးလိုသည့်စိတ်များ တိုးပွားနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိခဲ့သော လူငယ်များအား ဂုဏ်ပြုဆုများချီးမြှင့်ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မဲခေါင်အဆင့်တွင် ပထမဆုရရှိခဲ့ပြီး နိုင်ငံတကာအဆင့် ယှဉ်ပြိုင်မှုသို့ တက်ရောက်ကာ အမေရိကန်နိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာစီးပွားရေးပုံစံငယ် ယှဉ်ပြိုင်ပွဲ ၂၀၁၉ တွင် တတိယဆုရရှိခဲ့သည့် MMtutors Group အား ဆုပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဆုများ ပေးအပ်**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် စက်ရုပ်ယှဉ်ပြိုင်ပွဲ ၂၀၁၉ တွင် ပထမဆုရရှိခဲ့သည့် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် ဆူရာနရီး နည်းပညာတက္ကသိုလ်၏ ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်ဆန်းသစ်မှု လူငယ်များ စီးပွားရေးအမြင်သစ် ပုံစံငယ်ယှဉ်ပြိုင်ပွဲ ၂၀၁၈ တွင် ဒုတိယဆုရရှိခဲ့ကြသည့် မန္တလေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ဂျပန်သံအမတ်ကြီး Mr.Ichiro Maru- yama က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင်ကျင်းပသည့် အာဆီယံ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာအတွက် စက်ရုံထိန်းချုပ်မှုလုံခြုံရေး Block Chain နည်းပညာ ယှဉ်ပြိုင်ပွဲ ၂၀၁၈ တွင် ဗွေတံဆိပ်ဆုရရှိခဲ့ကြသည့် ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းသားတစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိသူများကိုယ်စား MMtutors Group မှ မဖူးပွင့်အိမ်က ကျေးဇူးတင်စကား ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ် ၂၀၁၉ အခမ်းအနားတွင် ထွန်းသစ်စလူငယ်လုပ်ငန်းရှင်များ၏ ဆန်းသစ်တီထွင်ထားသော ကုန်စည်များ၊ နည်းပညာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌတို့သည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေကြသည့် ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများမှ လုပ်ငန်းရှင်များ၊ ဆုရရှိသူများ၊ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသူများနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့် အတူ မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ် ၂၀၁၉ အခမ်းအနားတွင် ထွန်းသစ်စ လူငယ်လုပ်ငန်းရှင်များ၏ ဆန်းသစ်တီထွင်ထားသော ကုန်စည်များ၊ နည်းပညာများ ခင်းကျင်းပြသထားမှုကို လှည့်လည် ကြည့်ရှုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေကြသည့် ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများမှ လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ်၂၀၁၉ ဆွေးနွေးပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပရာ မဲခေါင်ဒေသတွင်း လူငယ်စွန့်ဦးတီထွင်သူများက ၎င်းတို့၏ အောင်မြင်သော စီမံကိန်းအတွေ့အကြုံများကို တင်ပြဆွေးနွေးကြပြီး ပြည်တွင်း ပြည်ပ စွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် ပညာရှင်များက လုပ်ငန်းခွင်များ၏ အနာဂတ် - စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ **သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေကြသည့် ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများမှ လုပ်ငန်းရှင်များ၊ ဆုရရှိသူများနှင့် ဆွေးနွေးပွဲတွင်ပါဝင်ဆွေးနွေးကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အောင်ပန်း - ပင်းတယ - ရပ်စောက်လမ်းပေါ်ရှိ ဝါးပြားချောင်းကူးရေပုပ်သိုးတံတားကို အသစ်တည်ဆောက်ပေးရန် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် လျာထား

**နေပြည်တော် ဩဂုတ် ၁၄**

အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်းပေါ်ရှိ ဝါးပြားချောင်းကူးရေပုပ်သိုးတံတားကို အသစ်တည်ဆောက်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လျာထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့တွင် ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **"အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်းပေါ်ရှိ တံတားအမှတ် ၂/၄၆ ဝါးပြားချောင်းကူးရေပုပ်သိုးတံတား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဝါးပြားချောင်းကူးရေပုပ်သိုးတံတား၏ မြေပြင်အခြေအနေအား တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၂)နှင့် သက်ဆိုင်ရာ အင်ဂျင်နီယာများ ကွင်းဆင်းစစ်ဆေးခဲ့ရာ တံတားအဝင်၊ အထွက်လမ်းသည် အတက်၊ အဆင်းများပြီး တံတားနေရာတွင် ချိုင့်ဝှမ်းသို့ကျရောက်နေခြင်း၊ လက်ရှိ တံတားရေဝပ်ဧရိယာသည် လုံလောက်မှုမရှိခြင်း၊ ချောင်းကမ်းပါးဖောက်နက်ခြင်း၊ ကမ်းကပ်ခုံများအား ရေတိုက်စားမှုများဖြစ်ပေါ်နေခြင်းနှင့် လမ်းကွေ့အပိုင်းတွင် တည်ရှိနေခြင်းတို့ကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် လမ်းနှင့်တံတား Alignment အသစ်တစ်ခုရှာဖွေ၍ အရှည်ပေ ၄၀၊ အကျယ် ၃၄ ပေ သံကူကွန်ကရစ်တံတားအသစ်နှင့် ချဉ်းကပ်လမ်းတို့ တည်ဆောက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်


ဒုတိယဝန်ကြီး
ဦးတင်မြင့်


ရပ်စောက်မဲဆန္ဒနယ်မှ
ဦးခင်မောင်မြင့်

မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း၏ **"မြင်းမူမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စုမှ ကျေးရွာ ၄၀ ရှိ မော်တော်ကားများ(အားလုံး)နှင့် ထော်လာဂျီများကို မည်သည့်အချိန်တွင် တိုးဂိတ်အား အခမဲ့ဖြတ်သန်းခွင့်ပြုမည်ကိုသိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း-မြင်းမူ-မုံရွာလမ်းကို ရွှေတောင်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် အကျယ် (၂၄)ပေ နိုင်လွန်ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် မြင်းမူတိုးလ်ဂိတ် အရှေ့အနောက် (၃) မိုင်ဝန်းကျင်ရှိ ဒေသခံကျေးရွာများအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသော ယာဉ်စာရင်းအမှန်ကောက်ယူရေးအဖွဲ့က ကောက်ယူထားသော စာရင်းများအတိုင်း ဖြေလျှော့ပေးထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လစဉ်ချီးမြှင့် ထောက်ပံ့ငွေကို တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိသေး

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **"ပြည်ထောင်စုတစ်ဝန်းလုံးရှိ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ခေတ်ကာလနှင့်လျော်ညီသော စရိတ်၊ ချီးမြှင့်ငွေ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လစဉ်ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ချီးမြှင့်ထောက်ပံ့ငွေကျပ် ခုနစ်သောင်း သတ်မှတ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ ငွေစာရင်းမှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား လစဉ်ချီးမြှင့်ငွေ ထုတ်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအခြေအနေ၊ ခေတ်ကာလအခြေအနေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းသဘောသဘာဝ အခြေအနေ၊ နယ်မြေဒေသန္တရအခြေအနေအရပ်ရပ်တို့အား လွှမ်းခြုံထည့်သွင်းစဉ်းစား၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ နိုင်ငံတော်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးမူဝါဒနှင့်အညီ သတ်မှတ်ခွင့်ပြုပေးအပ်ခဲ့ခြင်းဖြစ်၍ လတ်တလောအခြေအနေတွင် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၏ **"မချမ်းဘောမြို့အမည်၌ "ဘော" နေရာတွင် "ဘော့" အောက်ကမြစ်ထည့်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ညွှန်ကြားချက်ထုတ်ပေးရန်အစီအစဉ် ရှိ၊ မရှိ"** မေးခွန်း၊ ကျောက်ဖြူမဲဆန္ဒနယ် မှ ဦးဘရှိန်၏ **"ကျောက်ဖြူမြို့တွင် လက်ရှိဂေါက်ကွင်းကို တရားဝင်အမည်ဖောက်ထားခြင်း ရှိ၊ မရှိနှင့် ဂေါက်ကွင်းအတွင်း နဒီသောင်ယံစားသောက်ဆိုင်အနီးတစ်ဝိုက်၌ ကိုယ်ပိုင်မြေမရှိသေးသော ဌာနဆိုင်ရာများကို ရုံးအဆောက်အဦ ဆောက်လုပ်သုံးစွဲခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ရှင်းလင်းဖြေကြားသည်။

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့် မေးခွန်းများ ရှင်းလင်းဖြေကြား

အလားတူ မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော်၏ **"တိုင်းရင်းသားမျိုးနွယ်စု (လူမျိုး)အလိုက် လူဦးရေစာရင်းထုတ်ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၏ **"မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် လူမျိုး ၁၃၅ မျိုးရှိကြောင်းကို ယခုမျက်မှောက်ခေတ်ကာလတွင် မှန်ကန်မှုရှိ၊ မရှိ ပြန်လည်စိစစ်ရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းများနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း"** လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် တင်သွင်းသည့် **"ပြည်ပရောက် မြန်မာလုပ်သားများ Labour Right အပြည့်အဝရရှိစေရေးနှင့် အခက်အခဲများ ကြုံတွေ့ရသည့်အခါ ကူညီစောင့်ရှောက်ပေးနိုင်ရေးနှင့် ပြည်တွင်းတွင် Labour Intensive Industry များ အလုံးအရင်းနှင့် ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စောက ဒေသတွင်း အာဆီယံနိုင်ငံများရှိ ဖွံ့ဖြိုးတိုးတက်လာသည့် လမ်းကြောင်းကို ကြည့်သည့်အခါ လုပ်သားအင်အားအခြေပြု ကုန်ထုတ်လုပ်ငန်းများမှတစ်ဆင့် အစပြုခဲ့ကြသည်ကိုတွေ့ရပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့သော လုပ်သားအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံအနေဖြင့် တိုင်းပြည်စီးပွားရေးကို ဆွဲတင်နိုင်ရန်နှင့် ဆင်းရဲနွမ်းပါးမှုပြဿနာ၊ အလုပ်အကိုင် ရှားပါးနေမှုပြဿနာကို ဖြေရှင်းနိုင်ရန် လုပ်သားအခြေပြုလုပ်ငန်းများကို အားပေးသင့်ပါကြောင်း။

ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ပြီး နိုင်ငံတကာက ကုမ္ပဏီလုပ်ငန်းရှင်များ၊ အလွယ်တကူ ဝင်ရောက်လုပ်ကိုင်နိုင်မည့် ရေခံမြေခံ၊ အခင်းအကျင်းမျိုးဖြစ်အောင် အထူးတလည် ပြင်ဆင်ထားရန် လိုအပ်လျက်ရှိပါကြောင်း၊ နိုင်ငံ၏ လက်ရှိ အခြေခံအဆောက်အဦပိုင်း၏ အားနည်းချက်များကို ဖြည့်ဆည်းပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် အခက်အခဲ၊ အဟန့်အတားဖြစ်စေမည့် အရာများကို ဖယ်ရှားရန်နှင့် ဖြေလျှော့ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံတွင် ဒုက္ခကြုံတွေ့နေရသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အနာဂတ်ဘဝ လှပလာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထိရောက်သည့် မူဝါဒများချမှတ်ပြီး ကူညီစောင့်ရှောက်သွားသင့်ပါကြောင်း ဆွေးနွေးသည်။

မိုင်းပန်မဲဆန္ဒနယ်မှ စိုင်းကျော်မိုးက ယခုဆိုလျှင် အစိုးရအနေဖြင့် (FDI) အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသစ်ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စည်းကမ်းထိန်းချုပ်မှု စုပေါင်းအညွှန်းကိန်းအရ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများထက် ပို၍စည်းကမ်းတင်းကျပ်နေသေးကြောင်း တွေ့ရသည့်အတွက် ယင်းအချက်များကို ဖြေလျှော့ပေးမှသာ CMP လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ ၂၀၁၉ ခုနှစ် စီးပွားရေးလုပ်ငန်းလုပ်ရလွယ်ကူမှုစစ်တမ်းတွင်လည်း နိုင်ငံပေါင်း ၁၉၀ တွင် (အဆင့် ၁၇၁) အဖြစ် မတိုးတက်ဘဲ ဆက်လက်တည်ရှိနေကြောင်း ဖော်ပြထားသည်ကို တွေ့ရသည့်အတွက် များစွာဖြေလျှော့ပေးရန် လိုအပ်နေပါကြောင်း။

ယင်းအဆိုသည် မိမိတို့နိုင်ငံ၏ ပြည်ပရောက် မြန်မာအလုပ်သမားများအတွက် နိုင်ငံတော်အစိုးရမှ တိကျပြတ်သားကောင်းမွန်သည့် မူဝါဒများချမှတ်ပေးနိုင်ရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် ပြည်တွင်းတွင် Labour Intensive Industry အလုံးအရင်းပေါ်ပေါက်လာရန်အတွက် အလွန်ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြင့် တင်သွင်းခြင်းဖြစ်သည့်အတွက် အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။


မောင်တောမဲဆန္ဒနယ်မှ
ဦးလှထွန်းကျော်


ဒိုက်ဦးမဲဆန္ဒနယ်မှ
ဦးဘုန်းမြင့်အောင်

ထို့ပြင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်ပရောက်မြန်မာလုပ်သားများ Labour Right အပြည့်အဝရရှိစေရေး၊ အခက်အခဲများကြုံတွေ့ရသည့်အခါ ကူညီစောင့်ရှောက်ပေးနိုင်ရေးနှင့် ပြည်တွင်းတွင် Labour Intensive Industry များ အလုံးအရင်းပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးရန်ကိစ္စသည် နိုင်ငံတော်အစိုးရအနေဖြင့် တိကျသည့်မူဝါဒများချမှတ်ပြီး အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းအဖြစ်ထားရှိပေးပါရန် ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုရှင်တို့ သဘောကွဲလွဲနေသည့်အတွက် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူရာ ကန့်ကွက်မဲများသဖြင့် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် တင်သွင်းသည့်အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်**
**ဓာတ်ပုံ-ထိုက်ထိုက်**

# ပုဂ္ဂလိက ပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် တိုက်တွန်းကြောင်းအဆိုကို အတည်ပြု

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့တွင် **နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ဖြင့်ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိက ပညာရေးသင်တန်းကျောင်း များ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်း သင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်း ထုတ်ပြန်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ယနေ့ လက်ရှိစနစ်သည် မြန်မာနိုင်ငံ တက္ကသိုလ်၊ ကောလိပ်များ၏ ထောက်ခံချက်ကို နိုင်ငံတကာရှိ ပြင်ပတက္ကသိုလ်၊ ကောလိပ်များက အလေး အနက်မထားခြင်းကို ကြုံတွေ့ရသည့်အတွက် ပြင်ပနှင့်ချိတ်ဆက်၍ ပညာ သင်ယူလိုသူများအတွက် သေချာသည့်လမ်းကြောင်းဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ပညာသင်ကြားမှုနှင့်ပတ်သက်၍ နိုင်ငံခြား တက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ မိမိတို့ ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေး၍ ထုတ်ပေးသော ဘွဲ့လက်မှတ် များသည် မှန်ကန်သော ဘွဲ့လက်မှတ်များ ဖြစ်စေရန် သက်ဆိုင်ရာ ပညာရေး ဝန်ကြီးဌာနအနေဖြင့် ဥပဒေဖြင့် စိစစ်ထုတ်ပြန်၍ တာဝန်ယူ၊ တာဝန်ခံမှုဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် လိုအပ်ပါသဖြင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း**က အချို့မိဘများ အနေဖြင့် သားသမီးများ၏ အနာဂတ်အတွက် သတ်မှတ်ထားသော ပညာ အရည်အချင်းနှင့် အစိုးရတက္ကသိုလ်များ၌ ဝင်ခွင့်မရရှိကြသည့်အခါ ပုဂ္ဂလိက တက္ကသိုလ်များ အစားထိုးရှာဖွေလာကြပြီး ပြည်တွင်းတက္ကသိုလ်များ၌ သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းထက်နိမ့်ပြီး ဝင်ခွင့်ပေးထားခြင်း ကြောင့် နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းနှင့် ချိတ်ဆက် ၍ဖြစ်စေ၊ မိမိကိုယ်ပိုင်သင်ရိုးညွှန်းတမ်းဖြင့် ဖွင့်လှစ်သင်ကြားပေးနေသော ပုဂ္ဂလိက ပညာရေးသင်တန်းကျောင်းများ ယနေ့အခြေအနေတွင် တရားဝင်နှင့် တရားမဝင် ဖွင့်လှစ်သင်ကြားနေကြပါကြောင်း။

ထိုသို့ ဖွင့်လှစ်သင်ကြားနေသော ကျောင်းများတွင် အရည်အသွေးပြည့်မီ သော ဆရာများခန့်ထားနိုင်ခြင်း ရှိ၊ မရှိ၊ ကျောင်းများတွင် လူငယ်များအတွက် လိုအပ်သည့် သင်ကြားသင်ယူနိုင်မှုများ ဆောင်ရွက်နိုင်သည့် အခြေအနေ ရှိ၊ မရှိ၊ ပြည့်စုံလုံလောက်သည့် အခြေခံအဆောက်အအုံများ ရှိ၊ မရှိ၊ သင်ရိုး ညွှန်းတမ်းများ ခေတ်မီ၊ မမီ၊ လက်တွေ့အသုံးချနိုင်ခြင်း ရှိ၊ မရှိ၊ အမှန်တကယ် ပြည်ပတက္ကသိုလ်နှင့် ချိတ်ဆက်ထားခြင်း ရှိ၊ မရှိ၊ လက်တွေ့သုတေသနပြုလုပ် ရန် လိုအပ်သည့်ဘာသာရပ်များအတွက် အမှန်တကယ် လက်တွေ့ခန်းများ ရှိ၊ မရှိ၊ တက္ကသိုလ်မှပေးသော ဘွဲ့အမျိုးအစားနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးမှု မူဝါဒ၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု မူဝါဒ၊ နိုင်ငံရေးမူဝါဒများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးနိုင်မှု မရှိခဲ့ပါကြောင်း။

ထို့ပြင် အမျိုးသားပညာရေးမူဝါဒကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီး ဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာကော်မတီများ၊ ပုဂ္ဂလိက အခန်းကဏ္ဍမှ ပညာရေးဝန်ဆောင်မှုပေးသူများအပါအဝင် အခြားသက်ဆိုင် သူများ ညှိနှိုင်းလျက် ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင်ရေး၊ အဆိုပါ ကျောင်း များကို ကြီးကြပ်ရေး၊ အရည်အသွေး အာမခံရေးနှင့် အသိအမှတ်ပြုရေးတို့ကို စနစ်တကျဆောင်ရွက်ရန် မူဝါဒ၊ လမ်းညွှန်ချက်ရေးဆွဲဆောင်ရွက်ရန် လိုအပ် သည်ဟု အကြံပြုထားသည့်အတွက် အဆိုနှင့် တစ်ထပ်တည်းကျပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေ စိန်လတ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အမျိုးသားပညာရေး ဥပဒေပုဒ်မ ၅၄ (က)အရ ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေး၊ အာမခံမှုအစီအစဉ်တစ်ရပ်ရှိရမည်ဟု အတိအလင်း ဖော်ပြထားပြီးဖြစ်ပါ ကြောင်း၊ ပုဂ္ဂလိကကျောင်းများအတွက် အရည်အသွေးပြည့်ဝသော ဆရာ



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ဒုတိယဝန်ကြီး ဦးကျော်လင်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်း

ဆရာမများဖြင့် သင်ကြားမှုပြုနိုင်ရန် ထည့်သွင်းဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ပုဂ္ဂလိကကျောင်းဆရာများကို မှတ်ပုံတင်စေခြင်း၊ ဆရာ ဆရာမ များကို လေ့ကျင့်သင်ကြားခွင့် အခွင့်အရေးများ ခွင့်ပြုပေးခြင်း၊ အခြေခံပညာ ရေးနှင့် အဆင့်မြင့်ပညာရေး စသည့်ကျောင်းများအတွက် အရည်အသွေး ပြည့်မီသော ဆရာ ဆရာမများဖြင့် ကောင်းမွန်သော ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ ပေါ်ထွန်းလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီမှ ပုဂ္ဂလိက ပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး စိစစ်အကဲဖြတ်ခြင်းများကို ဆောင်ရွက်သွားမည်

အရည်အသွေးစစ်ဆေးနိုင်ပြီး အမျိုးသားပညာရေးမူဝါဒကော်မရှင် အနေဖြင့်လည်း အသိအမှတ်ပြုနိုင်သည့် အဆင့်ရောက်အောင် ပညာရေး ဝန်ကြီးဌာနမှ ဖွဲ့စည်းထားပြီးဖြစ်သော ကြီးကြပ်ရေးအဖွဲ့များ၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည် အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ၊ ပါမောက္ခချုပ်များကော်မတီနှင့် အခြားသက်ဆိုင်ရာဘာသာရပ်အလိုက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ ပူးပေါင်းဆွေးနွေးညှိနှိုင်းပြီး စိစစ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေတွင် သတ်မှတ်ထားသည့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ပုဂ္ဂလိကကျောင်းနှင့်သက်ဆိုင်သည့် မူဝါဒများနှင့်အညီ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ရေးကော်မတီမှ ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ ၏ အရည်အသွေး စိစစ်အကဲဖြတ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တင်ပြထားသည့်အဆိုကို အတည်ပြုသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၅)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့ရှိ ဘုတ်ကံ-မလူ-ဇီးဖြူကုန်း ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် ဘုတ်ကံ-မလူ - ဇီးဖြူကုန်းလမ်းနှင့် ဇီးဖြူကုန်း - ရွာသာ ကျောက်ချောလမ်းတို့သည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့် (၁)၌ ပါဝင် ပါသဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဆီဟူးဒွေ့၏ **မြစ်ကြီးနားမြို့ ရွှေအိုက် - ရွှေပြည်သာ - နန်းကွေ့ကျေးရွာအုပ်စု ရပ်ကွက်ကျေးရွာချင်းဆက် လမ်း၏ ရွှေပြည်သာ - အားဆာ - နယ်မြေ(၅) - နန်းကွေ့ကျေးရွာလမ်းအပိုင်းအား ကျောက်ခင်းလမ်းမှ ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လွှတ်တော် ကိုယ်စားလှယ် မေးမြန်းသည့် လမ်းပိုင်းသည် အားဆာကျေးရွာနှင့် နန်းကွေ့ ကျေးရွာတို့မှ ကျေးရွာနေပြည်သူများ အဓိကထားအသုံးပြုသည့် မြေသားလမ်း ဖြစ်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေ ပိုလျှံရန်ပုံငွေဖြင့် လမ်းအရှည် ၁ ဒသမ ၇၈ မိုင်အား ရာသီမရွေး သွားလာနိုင်သော ကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား သည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့ မြို့တွင်းလမ်း (၃)မိုင်အား ပေ(၅၀) အကျယ် ကားလမ်းတာချဲ့ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ကလေး-ဖလမ်း-ဟားခါးလမ်းအား အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် World Bank မှ ဆောင်ရွက်မည့် အပိုင်းများအား သတ်မှတ်ပြီး ကျန်အပိုင်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောလျင်စွာ ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးရှန်အောရ်၏ **ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါး မြို့နယ် ဆူရ်ခွားမြို့နှင့် ထန်တလန်မြို့နယ် နာရိန်မြို့တို့အကြား မြို့ချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန်** အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသား လွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်**ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ် ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခြင်း**ကို အသိပေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်ချက် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည် စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးဥက္ကာမင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်း အဝေး ၁၁ ရက်မြောက်နေ့ကို ဩဂုတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ လူမော်**

# ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း Access to Health Fund Manager of United Nations Office for Project Services (UNOPS) အဖွဲ့မှ Fund Director Mr. Oren Ginzburg နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းသည် Access to Health Fund Manager of United Nations Office for Project Services (UNOPS) အဖွဲ့မှ Fund Director Mr. Oren Ginzburg နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွင်း တန်းတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ကူညီဆောင်ရွက်နေသော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ တိုးမြှင့်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ အမျိုးသားအဆင့် ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

»»» ကျောဖုံးမှ
အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုယ်စား Ecosystem Conservation and Community Development Initiative (ECCDI) ဥက္ကဋ္ဌ ဒေါက်တာကျော်တင့်၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများကိုယ်စား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယသမ္မတက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၆ ဖြင့် လုပ်ငန်းတာဝန် (၂၆)ရပ်ချမှတ်ကာ အဖွဲ့ဝင် (၂၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်တွင် လုပ်ငန်းကော်မတီ (၆)ခုနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ သုံးနှစ်ကျော်ကာလအတွင်း အစည်းအဝေး ခုနစ်ကြိမ်ကျင်းပခဲ့ရာ ဆုံးဖြတ်ချက်စုစုပေါင်း (၉၅) ချက်အနက် ဆောင်ရွက်ပြီး (၄၆) ချက်၊ ဆောင်ရွက်ဆဲ (၄၉) ချက်ရှိပြီး ဆောင်ရွက်ဆဲ (၄၉) ချက်တွင်လည်း ရေရှည်ဆောင်ရွက်ရမည့် အချက် (၁၅) ချက်နှင့် လတ်တလောဆောင်ရွက်ရမည့် အချက်(၃၄)ချက်ရှိသည်ကို တွေ့ရပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများသည် မြန်မြန်ပြီးလေ အကျိုးရှိလေဖြစ်သည့်အတွက် အမြန်ပြီးစီးရေး အချိန်ကာလသတ်မှတ်ကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရေရှည်ဖွံ့ဖြိုးပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ရရှိရေး ဆောင်ရွက်သည့်အခါတွင် **သဘာဝသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး၊ ကောင်းမွန်သည့် ဂေဟစနစ်များရှိစေရေးနှင့် သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်အောင် ထိန်းသိမ်းရေး**တို့သည် အလွန်အရေးကြီးသည့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါကြောင်း။

**လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍသည် အလွန်ကျယ်ပြန့်လှသော နယ်ပယ်ဖြစ်သည့်အတွက် အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါတွင် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ကြီးကြပ်မှုကော်မတီများ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုအဆင့်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်အထိ သာမက ခရိုင်/မြို့နယ်အဆင့်အထိ ကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းညှိနှိုင်းပြီး ရေရှည်ဆောင်ရွက်သွားမည့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများထဲမှ ထူးခြားသည့် ဆောင်ရွက်ချက်များအနေဖြင့် **“မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ”**၊ **“မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ”**၊ **“မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၃၀)”**နှင့် **“မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)”** တို့ကို နိုင်ငံတော်အစိုးရက ချမှတ်ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် **“မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)”** ကိုလည်း ရေးဆွဲပြီးဖြစ်သည့်အတွက် မကြာမီထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များတွင် ဆက်စပ်ပတ်သက်သူများအားလုံး၏ ဆွေးနွေးအကြံပြုချက်များကို အခြေပြုပြီး လက်ရှိနိုင်ငံတကာတွင် ကျင့်သုံးနေသည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ နိုင်ငံတကာ သဘောတူညီချက်ပါ ကတိကဝတ်များ စသည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အဆိုပါ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များကို အဓိကလမ်းပြမြေပုံအနေဖြင့်သတ်မှတ်ပြီး ဖွံ့ဖြိုးမှုနယ်ပယ်ကဏ္ဍအသီးသီးတွင် ထည့်သွင်းပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ထို့အပြင် **မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ**တွင် “နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရမည်ဖြစ်ကြောင်း”နှင့် **မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ**တွင် “အစိုးရအဖွဲ့အဆင့်ဆင့်၌ ကဏ္ဍအသီးသီး၏ စီမံကိန်းများ ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အဓိကလုပ်ငန်းစဉ်တစ်ခုအနေဖြင့် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း”တို့ကို ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

**လက်တွေ့အကောင်အထည်ဖော်**

ထို့ကြောင့် မိမိတို့ ကော်မတီအနေဖြင့် နိုင်ငံတော်က ချမှတ်ပြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်များတွင်ပါဝင်သည့် ဦးစားပေးလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးမှု ပင်မလုပ်ငန်းစီမံချက်များတွင် ထည့်သွင်းပေါင်းစပ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုအခါတွင် နိုင်ငံ့လူဦးရေ တိုးပွားလာသည်နှင့်အမျှ မြို့ပြနှင့် စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးလာသည့်အတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ သိသာထင်ရှားသော စိန်ခေါ်မှုများကို ပိုမိုကြုံတွေ့လာနိုင်ပါကြောင်း၊ ထို့အပြင် စွန့်ပစ်ပစ္စည်းများအတွက် စနစ်ကျသည့် စီမံခန့်ခွဲမှုစနစ်များ မရှိခြင်းကြောင့် စွန့်ပစ်ပစ္စည်းများကို လမ်းများနှင့် မြစ်ချောင်း၊ အင်းအိုင်များတွင် စည်းကမ်းမဲ့ စွန့်ပစ်လေ့ရှိကြသည့်အပြင် စွန့်ပစ်ပစ္စည်းများအား လေဟာပြင်တွင် မီးရှို့ဖျက်ဆီးခြင်းကြောင့်လည်း လေထု၊ မြေထုနှင့်ရေထုတို့ကို ညစ်ညမ်းစေလျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု လိုအပ်ချက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်စေရုံသာမက ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ နယ်ပယ်များ၊ ခရီးသွားလုပ်ငန်းကဲ့သို့သော စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်စေနိုင်ပါကြောင်း။

ထို့ကြောင့် သမားရိုးကျ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးနေခြင်းမှ စွန့်ပစ်ပစ္စည်းများအား ထွက်ရှိမှုလျော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် အသုံးဝင်ပစ္စည်းများအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း စသည့် နည်းလမ်းများကို အခြေခံသော ရေရှည်တည်တံ့ခိုင်မြဲပြီး အကျိုးဖြစ်ထွန်းသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်သို့ ပြောင်းလဲကျင့်သုံးသွားနိုင်ရေးအတွက် **“မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းတင်ပြစဉ်။

**(၂၀၁၈-၂၀၃၀)”** ကို ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

၎င်းနှင့်ဆက်စပ်၍ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဆောင်ရွက်နေသည်များရှိသကဲ့သို့ အခြားတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များလည်း အထူးဦးစားပေး အစီအစဉ်တစ်ရပ်အနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ ရည်မှန်းချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

**အရေးတကြီးဖြေရှင်းရန် လိုအပ်**

ယနေ့အချိန်အခါတွင် ရာသီဥတုပြောင်းလဲမှုပြဿနာအပါအဝင် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများထဲက အချိန်မီပူးပေါင်းဖြေရှင်းရမည့် ကိစ္စရပ်သည် လေထုညစ်ညမ်းမှုနှင့် ပလတ်စတစ်အမှိုက်ညစ်ညမ်းမှုတို့ပင်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ **“ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်စို့”** ဖြစ်ပြီး ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ **“လေထုညစ်ညမ်းမှုကို တိုက်ဖျက်စို့”**ဟု ချမှတ်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ချမှတ်ရခြင်းမှာ လေထုညစ်ညမ်းမှုနှင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများ လျင်မြန်စွာ ကြီးမားကျယ်ပြန့်လာမှုတို့ကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အရေးတကြီးဖြေရှင်းရန် လိုအပ်နေပြီဆိုသည်ကို ကမ္ဘာ့ပြည်သူတစ်ရပ်လုံး သတိပြုမိအောင် မီးမောင်းထိုးပြလိုက်သည်ဟုဆိုရမှာ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း ပလတ်စတစ်စွန့်ပစ်အမှိုက်များနှင့် အခြားစွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ခြင်းမရှိသည့်အတွက် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို ထိခိုက်စေသည့်အပြင် ထိုအမှိုက်များကြောင့် အထူးသဖြင့် မိုးတွင်းကာလတွင် ရေမြောင်းများပိတ်ဆို့ကာ ရေကြီးရေလျှံမှုပြဿနာများ ကြုံတွေ့နေရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ခါသုံးပလတ်စတစ်အသုံးပြုမှုများကို တတ်နိုင်သမျှ လျှော့ချကြရန်၊ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများအစားပျက်စီးရန်လွယ်ကူသည့် ပြန်လည်အသုံးပြုနိုင်သည့် ပြန်လည်ပြုပြင်ထုတ်လုပ်အသုံးပြုနိုင်မည့် အစားထိုးပစ္စည်းများကို ထုတ်လုပ်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးလာစေရန်ကိုလည်း စီမံဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အသိပညာပေးမှုများနှင့် ကြီးကြပ်ကွပ်ကဲမှုနည်းလမ်းများကို တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဥပဒေကြောင်းအရ အရေးယူအပြစ်ပေးသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ လိုအပ်သည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထုတ်ပြန်နိုင်ရေး ပြုစုရေးဆွဲကြရန် ပြောကြားလိုပါကြောင်း။

ကမ္ဘာလုံးဆိုင်ရာ အစိုးရအချင်းချင်း ဆွေးနွေးညှိနှိုင်းမှုအဖွဲ့ (Intergovernmental Panel on Climate Change - IPCC) ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သည့် အထူးအစီရင်ခံစာအရ ကာဗွန်ထုတ်လွှတ်မှုနည်းသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို အရှိန်အဟုန်ဖြင့် ပိုမိုအသုံးပြုလာသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ ကမ္ဘာကြီးပူနွေးလာသည့်အတွက်ကြောင့် (၂၁)ရာစုအကုန်ခန့်တွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး အချို့သော ကျွန်းနိုင်ငံငယ်များနှင့် ကမ်းရိုးတန်းဒေသမြို့ကြီးများသည် ရေနစ်မြုပ်သွားနိုင်မည်ဟု ပညာရှင်အချို့က ခန့်မှန်းတွက်ချက်ထားသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါကြောင်း။

**အသင့်ပြင်ဆင်ရေးဆွဲ**

ထို့ကြောင့် ယနေ့ကမ္ဘာတွင် တစ်နေ့ထက်တစ်နေ့ ပြောင်းလဲဖြစ်ပေါ်လာနေသည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို မျက်ခြည်မပြတ်လေ့လာပြီး နိုင်ငံတကာနှင့်ပူးပေါင်း၍ ရင်ဆိုင်တုံ့ပြန်ဖြေရှင်းနိုင်အောင် မြန်မာနိုင်ငံအနေဖြင့်လည်း သိပ္ပံအချက်အလက်များပေါ်တွင် အခြေခံပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးမြှင့်အသုံးပြုနိုင်မည့် ရေရှည်အစီအမံများအပြင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် နစ်မြုပ်သွားနိုင်ခြေရှိသည့် ကမ်းရိုးတန်းဒေသရှိ မြို့များအတွက် ကြိုတင်ကာကွယ်ရေး အစီအမံများကိုလည်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသင့်ပြင်ဆင်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရန် အလေးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အားလုံးခြုံငုံပြောရမည်ဆိုလျှင် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် လူမှုစီးပွားရေးရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုတားဆီးလျှော့ချရေး၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေရေး၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေး၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး စသည့် လုပ်ငန်းစဉ်များသည် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အဓိကနယ်ပယ်များ ဖြစ်သည့်အတွက် ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ရေတို/ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်ယိုယွင်းမှုများကို ရှောင်ရှားနိုင်မည့်အပြင် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကိုလည်း လျော့ပါးစေမှာဖြစ်ပါကြောင်း။

**အကြံပြုဆွေးနွေး**

ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားအတွက် မိမိတို့ ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် ဆက်စပ်ပါဝင်ပတ်သက်သူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ကော်မတီ၏ (၃)နှစ်ကျော် ကာလအတွင်း ရရှိခဲ့သည့် အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များအပေါ်တွင် အခြေခံပြီး ကောင်းမွန်သည့် ပတ်ဝန်းကျင်အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာစေရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရေး အကြံပြုဆွေးနွေးသွားကြရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ရေတို/ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး၊ နှစ်စဉ်ဘဏ္ဍာငွေလျာထားချက်များတွင် ထည့်သွင်းရေးဆွဲနိုင်ရေး၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုသွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီသတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီး ဦးလှကျော်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးမျိုးမြင့်မောင်၊ ဦးဝင်းခန့်၊ ဦးတင်မောင်ဦး၊ ဒေါက်တာသာထွန်းကျော်၊ ဦးထွန်းထွန်းနိုင်နှင့် ဦးဝင်းတင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုယ်စား Ecosystem Conservation and Community Development Initiative (ECCDI) ဥက္ကဋ္ဌ ဒေါက်တာကျော်တင့်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်၊ လုပ်ငန်းကော်မတီ (၆)ရပ်မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးလဆိုင်း၊ ဦးတီရယ်၊ ဦးစောပြည်သာ၊ ဦးမန်းဟင်းဒါးလ်၊ ဦးလာလ်ထောင်ထန်း၊ ဦးလှထွေး၊ ဒေါက်တာစောညီဝင်း၊ ဦးမြင့်ဇော်၊ ဦးမျိုးသစ်၊ ဒေါက်တာမင်းကြည်ဝင်း၊ ဦးကျော်လွင်၊ ဦးဟံထွန်း၊ ဒေါက်တာညီညီအောင်နှင့် ဦးတင်အောင်ဝင်းတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုလျှော့ချနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပေါ် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ကာကွယ်ကြပ်မတ် ဆောင်ရွက်နေမှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေများ၊ ရာသီဥတုပြောင်းလဲလာမှုကြောင့် ရောဂါပိုးမွှားကူးစက်မှုအန္တရာယ်မှ တားဆီးကာကွယ်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဆွေးနွေးဆုံးဖြတ်ရန် အဆိုပြုချက်များနှင့် ဗဟိုကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက် (၉)ချက်ချမှတ်ခဲ့သည်။ ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၄**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယသမ္မတက ကမ္ဘာပေါ်တွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ခံစားနေကြရပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ၌လည်း ရေဘေးအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ထိုသို့သော သဘာဝဘေးဒဏ်ခံစားနေကြရမှုများအတွက် လှူဒါန်းမှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား၊ ရေဘေးသင့်ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် စေတနာသဒ္ဓါတရားနှင့်ပတ်သက်၍ အထက်သန်ဆုံးသောနိုင်ငံဖြစ်ပါကြောင်း၊ ယခုလိုလှူဒါန်းမှုများသည် အကောင်းဆုံးသောသက်သေသာဓကများဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က အလှူငွေ လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အဖွဲ့ဝင်များက လှူဒါန်းငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယသမ္မတက လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဦးကျဲအိုလျှန်မိသားစု Shine Hill Co.,Ltd ကိုယ်စား လှူဒါန်းငွေကျပ် ၁၅ သိန်းကို ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျေးဇူးတင်စကားပြောကြားသည်။

**သတင်းစဉ်**

---

**❖ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ**

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် လတ်တလောဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများနှင့် ပတ်သက်သည့် လက်ရှိအခြေအနေများ၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ပေးရမည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးနိုင်ရန်ဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ် ဇွန်လနောက်ဆုံးပတ်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် ရေကြီးရေလျှံမှုများ စတင်ဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်ကြသည့် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆက်လက်ဖြစ်ပေါ်နေပြီး ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ ရေဘေးရှောင်စခန်း ၁၆၆ ခုတွင် လူဦးရေ စုစုပေါင်း ၇၉၃၈၉ ဦးခန့်သည် ယာယီရေဘေးရှောင်နေရာများတွင် ဆက်လက်တိမ်းရှောင်နေဆဲဖြစ်ပါကြောင်း။

ယခုနှစ် ရေကြီးရေလျှံမှုများကို ကြည့်မည်ဆိုလျှင် အချိန်တိုအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် မြစ်ရေမြင့်တက်မှုများကြောင့် ဖြစ်ပွားသည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် စတင်ဖြစ်ပွားခဲ့ကာ အလယ်ပိုင်းဒေသများမှတစ်ဆင့် ယခု မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ဆက်လက်ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း။

**စနစ်တကျ ချိတ်ဆက်ဆောင်ရွက်**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ စတင်ဖြစ်ပွားကတည်းက ဆက်လက်ဖြစ်ပေါ်လာနိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သဖြင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထူးခြားမှုအနေဖြင့် မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု ရဲပြားကုန်းကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်ပြိုမှုအတွင်း ဖြစ်ပွားခဲ့သည့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများဖြစ်ပါကြောင်း၊ ထို့အတူ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေပြိုမှုများ၊ လမ်းသားပဲ့ကျမှုများနှင့် တံတားပျက်စီးမှုများ ရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ရေကြီးရေလျှံမှုများနှင့်အတူ ပုံမှန်ကြုံတွေ့ရလေ့ရှိသည့် သာမန်မြေပြိုမှု၊ လမ်းသားပဲ့ကျမှုများအပြင် တောင်ပြိုမှုကဲ့သို့သော မမျှော်လင့်နိုင်သည့်အန္တရာယ်များလည်း ဖြစ်လာနိုင်ကြောင်း တွက်ဆ၍ ကြိုတင်ကာကွယ်မှုများနှင့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

ယခုဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ရေးကာလ ပြီးစီးသွားပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ပေးရမည့် အခြေအနေများကို ယခုမှစ၍ စိစစ်ဖော်ထုတ် တွက်ချက်ထားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များအပေါ် မူတည်၍ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ကာ အမြန်ဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးရမည့် အခြေအနေများအပေါ်မူတည်၍ မိမိတို့တွင်ရှိသည့် အရင်းအမြစ်များဖြစ်ပြီ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် အလှူရှင်များ၏ အကူအညီ အထောက်အပံ့များဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခင်ဆောင်ရွက်ခဲ့သည့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုပုံစံများကို ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်သည့်ပုံစံများ၊ နည်းလမ်းများဖြင့် ဆောင်ရွက်သွားနိုင်ရေးကိုလည်း ဆွေးနွေးကြစေလိုပါကြောင်း။

လတ်တလောဖြစ်ပွားခဲ့သည့် မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ မလတ်တောင်ပြိုကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ရမည်ဖြစ်ပြီး ကြိုတင်ကာကွယ်မှု ပြုလုပ်နိုင်မည့်အခြေအနေများကို ဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပညာရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ နည်းပညာပိုင်းဆိုင်ရာ အသုံးပြုမှုနှင့် ငွေကြေးကုန်ကျမှုများ ပါဝင်လာမည်ဖြစ်ကာ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် လူ့အသက်ဆုံးရှုံးမှုများ အပါအဝင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်၍ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံး ဖြေရှင်းဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

> ❖ **ယခုဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ရေးကာလ ပြီးစီးသွားပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်ကြရမည်။**
>
> ❖ **ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ပေးရမည့် အခြေအနေများကို ယခုမှစ၍ စိစစ်ဖော်ထုတ် တွက်ချက်ထားကြရမည်။**
>
> ❖ **ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးရမည့် အခြေအနေများအပေါ်မူတည်၍ မိမိတို့တွင်ရှိသည့် အရင်းအမြစ်များဖြင့် စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် အလှူရှင်များ၏ အကူအညီ အထောက်အပံ့များဖြင့်လည်း ဆောင်ရွက်သွားမည်။**

ရေကြီးရေလျှံမှု၊ မြေပြိုမှုများနှင့်စပ်လျဉ်း၍ ယခုနောက်ဆုံးအခြေအနေ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက် ည ၉ နာရီအချိန်အထိ သေဆုံးသူ ၆၅ ဦး ရှာဖွေတွေ့ရှိပြီးဖြစ်ပြီး လက်ရှိမြေပြိုသည့် နေရာအပါအဝင်နေရာ ခြောက်နေရာနှင့် မြေပြိုကျနိုင်မည့်နေရာများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးချုပ်မှ ဘူမိဗေဒပညာရှင်များ အကူအညီဖြင့် ခေတ်မီမြေအောက်တိုင်းကိရိယာများ အသုံးပြု၍ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းမှ စတင်ကာ စစ်ဆေးတိုင်းတာဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်ပါကြောင်း။

လတ်တလောဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများတွင် အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ကြသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေး၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ ပုံမှန်သဘာဝဘေးအန္တရာယ်များအပြင် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှုများနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရေးနှင့် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် အားလုံး ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရန်ပုံငွေရရှိရေးနှင့် စိစစ်သုံးစွဲမှုအခြေအနေများ၊ သဘာဝဘေးဒဏ် အလျင်အမြန်တုံ့ပြန်ရေးဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးကျော်မျိုး၊ ဒေါက်တာထွန်းနိုင်၊ ဦးကျော်လင်းနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးမြတ်သူ၊ ဦးကျော်မြင့်လှိုင်နှင့် ဘူမိဗေဒပညာရှင်ဦးယုမောင်တို့က အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မြေပြိုဘေးရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်စဉ်နှင့် မြေသားစစ်ဆေးတိုင်းတာရေးလုပ်ငန်းဆောင်ရွက်စဉ်တွင် တာဝန်ရှိသူများအနေဖြင့် လုံခြုံမှုကို ဦးစားပေးစီမံခန့်ခွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွင်း သဘာဝဘေးအသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရေးကို ပိုမိုတိုးမြှင့်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးကို လက်တွေ့ရင်ဆိုင်ရသည့်အခါ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးဆိုင်ရာ လုပ်ငန်းကော်မတီ ၁၂ ခု၏ လုပ်ငန်းတာဝန်များကို လက်တွေ့ကျကျ ထိရောက်မှုရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

# ကြိုတင်ပြင်ဆင်မှုနဲ့ ဇာတ်တိုက်တဲ့အပိုင်းမှာ ပိုပြီးထိထိရောက်ရောက် ကြိုတင်ပြင်ဆင်ဖို့ လိုအပ်သလို ပြည်သူလူထုကလည်း ပိုမိုပူးပေါင်းပါဝင်ဖို့ လိုအပ်

**မြန်မာနိုင်ငံတစ်ဝန်း သဘာဝဘေးဒဏ်ခံစားနေရသော ဒေသအသီးသီး၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ရန် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**ဒေါက်တာဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး)**

လက်ရှိဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုဘေးကို ပဲခူး၊ မွန်၊ ကရင်၊ ဧရာဝတီ၊ တနင်္သာရီ၊ ရန်ကုန်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ကချင်၊ ချင်းနဲ့ ရခိုင်တို့မှာ ခံစားနေရပါတယ်။ ကျွန်တော်တို့အနေနဲ့ ရေကြီးရေလျှံမှုနဲ့ပတ်သက်ပြီး လူအသေအပျောက်မရှိဖို့ကို အဓိကထား လုပ်ဆောင်နေပါတယ်။ လက်ရှိဖြစ်ပွားတဲ့ ဒေသတွေမှာ လူသေပျောက်မှုက အရင်တုန်းကလည်း ရေကြီးရေလျှံဖြစ်နေကျဆိုတော့ မဖြစ်လောက်ပါဘူးဆိုပြီး ရေထဲဆင်းတာကနေ အသက်ဆုံးရှုံးမှုတွေ ဖြစ်ခဲ့ပါတယ်။ အခုလည်း မကွေး၊ ကချင်၊ တနင်္သာရီနဲ့ မန္တလေးမှာ လူငါးယောက် ရေမျောပါပြီး အသက်ဆုံးရှုံးတာရှိပါတယ်။

ဒီနှစ်မှာ လူ့အသက်ဆုံးရှုံးမှု အများဆုံးဖြစ်စဉ်က မွန်ပြည်နယ် ပေါင်မြို့နယ်က မြေပြိုမှုဖြစ်ပါတယ်။ လူဦးရေ ၁၆၉ ဦးလောက်က မြေပြိုတဲ့ဒဏ်ကို ခံစားခဲ့ရပါတယ်။ အခု လက်ရှိ ၆၅ ယောက်ကို ပြန်လည်တူးဖော်ရရှိပါတယ်။ ဆက်လက်ပြီး ရှာဖွေနေပါတယ်။ ဒီဖြစ်စဉ်က သင်ခန်းစာတစ်ခု ရပါတယ်။ နှစ်စဉ်ရေကြီးရေလျှံဘေးဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှု ဒဏ်ကိုခံစားရပေမယ့် လူ့အသက်ထိခိုက်မှုကို သိပ်မခံစားခဲ့ရပါဘူး။ အခုဖြစ်စဉ်မှာ မြေပြိုမှုဖြစ်လို့ အသက်အန္တရာယ်တွေ အများကြီးဆုံးရှုံးမှု ကြုံခဲ့ရတယ်။ ဒါက သင်ခန်းစာယူစရာလည်းဖြစ်ပါတယ်။

ဒ့ါအပြင် ရေပြန်ကျတဲ့အခါမှာ ပုံမှန်အတိုင်း ပြန်လည်နေထိုင် စားသောက်နိုင်ဖို့နဲ့ နေအိမ်တွေ ပြန်လည်ပြုပြင်ဖို့ကို ကျွန်တော်တို့ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ရင် အဓိက ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး ဘေးသင့်ဒေသတွေမှာအမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရဲ့ကြီးကြပ်မှုနဲ့ ဆောင်ရွက်နေပါတယ်။

အခုနှစ်အတွင်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ရေကြီးရေလျှံမှု ဖြစ်တယ်ဆိုတာနဲ့ တစ်ပတ်စာ ဆန်ရိက္ခာဖိုးကို ပံ့ပိုးပေးပါတယ်။ တစ်ပတ်အတွင်းမှာ ဘေးသင့်ဒေသနေ ပြည်သူတွေအနေနဲ့ အလုပ်အကိုင် ပြန်လည်မလုပ်ကိုင်နိုင်သေးဘူးဆိုရင် ဆန်ရိက္ခာဖိုးကို ဆက်ပြီးထောက်ပံ့ပေးပါတယ်။ ဒီနှစ်အတွင်းမှာ ဆန်ရိက္ခာဖိုးနဲ့ လူသေဆုံးမှုဖြစ်စဉ်တွေအတွက် ငွေကျပ်သိန်းပေါင်း ၃၄၀၀ ကျော်ကို ထောက်ပံ့ပေးပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့တွေ၊ အလှူရှင်တွေက ကူညီလှူဒါန်းတာတွေလည်း ရှိပါတယ်။

> **အခုနှစ်အတွင်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ရေကြီးရေလျှံမှု ဖြစ်တယ်ဆိုတာနဲ့ တစ်ပတ်စာ ဆန်ရိက္ခာဖိုးကို ပံ့ပိုးပေးပါတယ်။ တစ်ပတ်အတွင်းမှာ ဘေးသင့်ဒေသနေ ပြည်သူတွေအနေနဲ့ အလုပ်အကိုင် ပြန်လည်မလုပ်ကိုင်နိုင်သေးဘူးဆိုရင် ဆန်ရိက္ခာဖိုးကို ဆက်ပြီးထောက်ပံ့ပေးပါတယ်။ ဒီနှစ်အတွင်းမှာ ဆန်ရိက္ခာဖိုးနဲ့ လူသေဆုံးမှုဖြစ်စဉ်တွေအတွက် ငွေကျပ် သိန်းပေါင်း ၃၄၀၀ ကျော်ကို ထောက်ပံ့ပေးပြီး ဖြစ်ပါတယ်။**

နောက်တစ်ခုဆောင်ရွက်နေတာက အခုလိုမျိုးရေကြီးရေလျှံမှု ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ပြန်လည်ဆန်းစစ်လေ့လာပါတယ်။ အခုရေကြီးရေလျှံဖြစ်တဲ့ကိစ္စမှာ ထူးခြားချက်က အချိန်တိုအတွင်းမှာ မိုးရေချိန်များတဲ့အပြင် မြစ်ချောင်းထဲကို စီးဆင်းတဲ့ လမ်းကြောင်းပိတ်ဆို့တာတွေကို တွေ့ရပါတယ်။ အခုဖြစ်တဲ့ ဒေသတွေမှာ ထိုက်သင့်တဲ့ ကြိုတင်ပြင်ဆင်မှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ယမန်နှစ်က ရေကြီးရေလျှံမှု ဖြစ်စဉ်တွေကို အခြေခံပြီး တချို့နေရာတွေမှာ ရေနုတ်မြောင်းတွေ၊ ရေထွက်ပေါက်တွေကောင်းအောင် ဆောင်ရွက်ထားပါတယ်။ သို့သော်လည်း သဘာဝဘေးမှာ ဖြစ်နိုင်တဲ့နေရာနဲ့ အန္တရာယ်ရှိတဲ့ နေရာဆိုပြီး ရှိပါတယ်။

ကျွန်တော်တို့က ဖြစ်နိုင်တဲ့နေရာတွေမှာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ပါတယ်။ ဒါပေမယ့် ရေကြီးမယ်လို့ မထင်တဲ့နေရာတွေမှာ ရေကြီးခဲ့ပါတယ်။ ဥပမာ - သဘာဝဘေး အန္တရာယ်ဖြစ်နိုင်တဲ့ ဘီးလင်းနဲ့ ရေးမြို့ဆိုရင် ဘီးလင်းက ရေးမြို့ထက် ပိုပြီးဖြစ်နိုင်မယ်လို့ ခန့်မှန်းကာ လှေတွေကိုအများဆုံး စုဆောင်းထားပါတယ်။ ရေးမြို့မှာလည်း လှေတွေစုဆောင်းထားပါတယ်။ တကယ်ဖြစ်တော့ ရေးမြို့မှာ ဖြစ်သွားပါတယ်။ အဲဒီလိုမျိုး မှန်းဆရခက်တာမျိုးတွေ ရှိပါတယ်။ ရေးမြို့မှာ တောင်ကျရေရော၊ အချိန်တိုအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ရော နှစ် ၃၀ အတွင်းမှာ အဆိုးဆုံးဖြစ်တဲ့ ရေကြီးမှုကို ကြုံရပါတယ်။ ရေးမြို့မှာ ကြိုတင်ပြင်ဆင်မှု အားနည်းခဲ့ပေမယ့် ကျွန်တော်တို့ရဲ့ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်မှုက ယခင်ကထက် ပိုကောင်းလာပါတယ်။ ညတွင်းချင်း အဆင်သင့် စုဆောင်းထားတဲ့ လှေတွေကို အခင်းဖြစ်ရာ ဒေသတွေကိုပို့ပေးနိုင်ခဲ့ပါတယ်။ ဒါတွေက အလျင်အမြန် တုံ့ပြန်ခြင်းဖြစ်ပါတယ်။

လိုအပ်ချက်က ပြည်သူတွေကို အသက်ကယ်သင်တန်းတွေနဲ့ လုပ်ဆောင်ရမယ့်လုပ်ငန်းစဉ်တွေကို တိတိကျကျ သတ်မှတ်တာဝန်ခွဲထားဖို့ကို ကျွန်တော်တို့မှာ လေ့ကျင့်မှု အားနည်းခဲ့ပါတယ်။ ငလျင်တို့၊ မုန်တိုင်းတို့ဆိုရင် ဇာတ်တိုက်တာတွေများပါတယ်။ ရေဘေးကျတော့ ဇာတ်တိုက်မှု နည်းပါတယ်။ ဒီသင်ခန်းစာရတဲ့အတွက် ဇာတ်တိုက်လေ့ကျင့်မှုတွေကို နောက်ပိုင်းမှာ ပိုလုပ်သွားမှာ ဖြစ်ပါတယ်။

ခြုံပြောရရင် သဘာဝဘေးနဲ့ပတ်သက်ပြီး တုံ့ပြန်မှုက အလျင်အမြန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လိုအပ်ချက်တွေရှိပေမယ့် ပံ့ပိုးကူညီတဲ့အပိုင်းမှာ အဆင်သင့်ရှိပါတယ်။ တုံ့ပြန်မှုအပိုင်းကို ဒီထက်ပိုပြီး စနစ်တကျနဲ့ လျင်မြန်မှုရှိအောင် ဆက်လက်ပြီး ကျွန်တော်တို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။ အရေးအကြီးဆုံးက ပြည်သူတွေအနေနဲ့ သတိထားရမှာက မြန်မာအပါအဝင် ကမ္ဘာမှာ ရာသီဥတုပြောင်းလဲနေပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကြိုတင်မှန်းဆထားတဲ့နေရာတွေမှာ ဖြစ်နိုင်သလို မထင်မှတ်တဲ့ နေရာတွေမှာလည်း ဖြစ်နိုင်တာကို အသိပေးချင်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

ရေးမြို့ ရေကြီးရေလျှံမှုက နှစ်ပေါင်း ၃၀ အတွင်းမှာ အဆိုးဆုံးဆိုပြီး ပြောကြပါတယ်။ အဲဒါကြောင့် မထင်မှတ်ဘဲလည်း ဖြစ်နိုင်ပါတယ်။ ကြိုတင်ပြင်ဆင်မှုနဲ့ ဇာတ်တိုက်တဲ့အပိုင်းမှာ ပိုပြီးထိထိရောက်ရောက် ကြိုတင်ပြင်ဆင်ဖို့ လိုအပ်သလို ပြည်သူလူထုကလည်း ပိုမိုပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။

အခုနောက်ပိုင်း သဘာဝဘေးဖြစ်စဉ်တွေမှာ လူမှုအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုက တော်တော်အားကောင်းလာပါတယ်။ လူငယ်တွေကလည်း စိတ်အားထက်သန်စွာ တက်တက်ကြွကြွနဲ့ ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ကျွန်တော်တို့ အစိုးရဘက်ကလည်း စီမံခန့်ခွဲမှုကို ဒီထက်မက ပိုကောင်းအောင် ဆောင်ရွက်ပါ့မယ်လို့ ပြောချင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ သဘာဝဘေး စီမံခန့်ခွဲမှုတွေကို ပိုကောင်းအောင် ပုံစံပြောင်းပြီး ဆောင်ရွက်နေပါတယ်။ မနှစ်ကစပြီး ဒီလို သဘာဝဘေး ကျရောက်ပြီးရင် ဘေးသင့်ဒေသတွေမှာ အလျင်အမြန် ပြန်လည်ထူထောင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အပါအဝင် ပြန်လည်ထူထောင်ရေးနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ပေါင်းစပ်ပြီး ဘေးသင့်ဒေသတွေ အလျင်အမြန် ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဆိုပြီး ဖွဲ့ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း - ဟန်လင်းနိုင်၊ ဓာတ်ပုံ - ကျော်ဖုန်း**

## ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပေးထားချိန်တွင် ထာဝရငြိမ်းချမ်းရေးအတွက် အချိန်မဆိုင်းဘဲ ထိထိရောက်ရောက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြရေး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အသိပေးချက် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၁၄**

ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပေးထားချိန်တွင် ထာဝရငြိမ်းချမ်းရေးအတွက် အချိန်မဆိုင်းဘဲ ထိထိရောက်ရောက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြရေး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အသိပေးချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ အသိပေးချက်တွင် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းစဉ်အား မှန်ကန်ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေး၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ NCA လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား မည်သည့်ဖိအားမှု မရှိစေဘဲ လွတ်လပ်စွာ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန် စိတ်ရင်းစေတနာ အမှန်ဖြင့် တပ်မတော်က ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိလည်းကောင်း၊ ၂၀၁၉ ခုနှစ် မေလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့ အထိလည်းကောင်း၊ ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိလည်းကောင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတို့တွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအား ရပ်ဆိုင်းပေးခဲ့ပါကြောင်း။

ထိုသို့ စစ်ရေးလှုပ်ရှားမှုများ ရပ်ဆိုင်းပေးထားသည့် ကာလများအတွင်း တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ဖြစ်ထွန်းစေရေး ဆောင်ရွက်မှုများတွင် ထိရောက်မှုအားနည်းလျက်ရှိပြီး သက်တမ်းတိုးမြှင့်ထားသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလမှာလည်း မကြာမီ ကုန်ဆုံးတော့မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်က ခွင့်ပြုထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် ကာလအတွင်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားကိုရည်မျှော်၍ အချိန်ဆွဲခြင်းမပြုဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၊ တပ်မတော်မှဖွဲ့စည်းပေးထားသည့် ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တို့နှင့် ယုံကြည်မှုအပြည့်အဝဖြင့်ထိရောက်စွာ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နိုင်ရေး အသိပေးအပ်ပါကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀) ကော်လံ (၁) တွင်ပါရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း မောင်တောဒေသတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်လျက်ရှိသော စခန်းများအား ကြည့်ရှုစစ်ဆေးသည့်သတင်း ပထမအပိုဒ် စာကြောင်းရေ (၉) ပါ အိုးထိန်းစခန်းတွင် နေရပ်စွန့်ခွာသွားသော တိုင်းရင်းသားများအတွက် (အစား) **အိုးထိန်းစခန်းတွင် နေရပ်စွန့်ခွာသူများအတွက်** ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းစဉ်**

# အီရင်ဘရိုကိုဗစ်ချ်အကြောင်း

## လက်ာရည်ကျော်

အီရင်ဘရိုကိုဗစ်ချ် (ERIN BROCKOVICH)ကို ဟောလိဝုဒ်ရုပ်ရှင်ကြိုက်မြန်မာပရိသတ် သိပ်စိမ်းမည်မထင်။ Pretty Woman နှင့် မြန်မာပရိသတ်အသည်းစွဲဖြစ်ခဲ့ရသော မင်းသမီး ဂျူလီယာရောဘတ်ကို သက်ကြီးပိုင်းကျမှ အော်စကာဆုရရှိစေခဲ့သော ဇာတ်ကားအမည်ဖြစ်နေ၍ ဖြစ်သည်။ အီရင် အပြင်မှာတကယ်ရှိကြောင်း တကယ့်အဖြစ်အပျက်မှန်ကို ရိုက်ထားတာဖြစ်ကြောင်းလည်း အားလုံးသိကြသည်။ အီရင်ကိုယ်တိုင် အဲသည်ဇာတ်ကားမှာ မထင်မရှားအခန်းကနေ အမှတ်တရပါဝင်ခဲ့ကြောင်းတောင် သိသူတွေသိကြသည်။

### ဆုပေါင်းများစွာရခဲ့

မသိကြတာက အီရင်ဘရိုကိုဗစ်ချ်လို အလှမယ်ဟောင်း၊ အနုပညာဘွဲ့ရ ကေမတ်ဆိုသည့် စူပါမားကက်မှာ အလုပ်လုပ်ခဲ့သည့် မိန်းကလေးအကြောင်းကို စတီဗင်ဆိုဒါဘတ်လို ကမ္ဘာ့ထိပ်တန်း ဒါရိုက်တာကြီးက ရုပ်ရှင်ရိုက်ချင်ခဲ့ပြီး ဂျူလီယာရောဘတ်လို ကမ္ဘာ့ထိပ်တန်းရုပ်ရှင်မင်းသမီးကြီးက သရုပ်ဆောင်ချင်ခဲ့ရသလဲဆိုတာကိုပါ။

တကယ်တော့ ဂျူလီယာရောဘတ်သည် အော်စကာသာမက အဲဒီဇာတ်ကားကြောင့် ရုပ်ရှင်ဆိုင်ရာထိပ်တန်းဆု ခြောက်ဆု တစ်ကားတည်းဖြင့် ရခဲ့သည့် ပထမဦးဆုံးမင်းသမီးတောင် ဖြစ်ခဲ့ရတာဆိုတော့ ဂျူလီယာရောဘတ်၏ပြယုဂ်က အီရင်ကြောင့်ပိုကြီးမားခဲ့ရသည်ဟုပင် ဆိုနိုင်သည်။

> ❛ သူလုပ်နေသည့် ဥပဒေအကျိုးဆောင်လုပ်ငန်းက သယံဇာတနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေခြင်းကြောင့် လူသားတို့၏ ကျန်းမာရေးနှင့် အသက်အိုးအိမ်စည်းစိမ်တို့ကို ထိခိုက်နစ်နာစေသောကိစ္စတွေကို ပြုလုပ်သည့် လုပ်ငန်းကြီးတွေကို တရားစွဲသည်။ အီရင်က စုံစမ်းဖော်ထုတ်၍ အချက်အလက်စုဆောင်းပေး ❜

အီရင်၏အောင်မြင်မှုတွေက အဲဒီရုပ်ရှင်တစ်ခုတည်းသာ မဟုတ် သေး။ ဥပဒေပါရဂူဘွဲ့ကို ဂုဏ်ထူးဆောင်အဖြစ် ချီးမြှင့်ခံခဲ့ရသည်။ ဝိဇ္ဇာပါရဂူဘွဲ့တစ်ခုနှင့် လုပ်ငန်းခွင်ဆက်ဆံရေးမဟာဘွဲ့တစ်ခု ရခဲ့သေးသည်။ သူ့အကြောင်း စာအုပ်က တစ်အုပ်၊ ရုပ်ရှင်က တစ်ကား။ ရုပ်ရှင်က ဆုပေါင်းများစွာရခဲ့သည့်အပြင် ဒေါ်လာသန်းနှစ်ရာကျော် ငွေဝင်ခဲ့သည်။

သည်တော့ အီရင်ဆိုတာ ဘယ်လိုမိန်းကလေးလဲဆိုတာ တော်တော်တော့ စိတ်ဝင်စားစရာကောင်းသည်။

### အချက်အလက်စုဆောင်းပေး

တကယ်တော့ အီရင်က ဥပဒေပညာရှင်မဟုတ်၊ ရှေ့နေတွေစုဖွင့်ထားသည့် ဥပဒေအကျိုးဆောင်လုပ်ငန်းတစ်ခုမှ စာရေးသာဖြစ်သည်။

သူလုပ်နေသည့် ဥပဒေအကျိုးဆောင်လုပ်ငန်းက သယံဇာတနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေခြင်းကြောင့် လူသားတို့၏ ကျန်းမာရေးနှင့် အသက်အိုးအိမ်စည်းစိမ်တို့ကို ထိခိုက်နစ်နာစေသောကိစ္စတွေကို ပြုလုပ်သည့် လုပ်ငန်းကြီးတွေကို တရားစွဲသည်။ အီရင်က စုံစမ်းဖော်ထုတ်၍ အချက်အလက်စုဆောင်းပေးခြင်းဖြင့် ကူညီသည်။

နာမည်အကြီးဆုံးအမှုကတော့ ပစိဖိတ်သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ကုမ္ပဏီကို တရားစွဲခဲ့သည့်အမှုပေါ့။ အဲသည်အချိန်က အီရင်အသက်သုံးဆယ်ကျော်ရုံကလေးရှိသေးသည်။ ကလေးသုံးယောက်ကို တစ်ကိုယ်တော်တာဝန်ယူထားရသည့် Single mother ဖြစ်သည်။ ဥပဒေအကျိုးဆောင်လုပ်ငန်းမှာ အလုပ်ရတာကိုက အလုပ်လက်မဲ့ဘဝမှာ ဒုက္ခရောက်နေတုန်း ယာဉ်တိုက်မှုကြောင့်ဒဏ်ရာရ၊ တိုက်သူကို တရားစွဲ၊ တရားရုံးမှာ သူ့ပြောပုံဆိုပုံတွေကြောင့် နိုင်ရမည့်အမှုရှုံးခဲ့ရာမှ သူ့ဘက်ကလိုက်ပေးသည့်ရှေ့နေက သူ့ကိုစောင့်ရှောက်သည့်အနေဖြင့် မခန့်ချင်ခန့်ချင်ခန့်ခဲ့ရတာဖြစ်သည်။

### အကန့်အသတ်ရှိ

ပစိဖိတ်ကုမ္ပဏီနှင့် တရားရင်ဆိုင်ခဲ့ရသောအခါတွင်တော့ အီရင်က စက်ရုံမှထွက်သည့် ကင်ဆာဖြစ်စေသော ခရိုမီယမ်သတ္တုဓာတ်တွေကြောင့် ပတ်ဝန်းကျင်လူထုထဲမှာ ကင်ဆာဖြစ်နှုန်းများနေတာကို သက်သေပြနိုင်ခဲ့သည်။ အင်အားကြီးသူတွေက ပါဝါမျိုးစုံသုံးခဲ့သော်လည်း အသက် ၃၃ နှစ်အရွယ် ကလေးသုံးယောက်အမေ Single mother လေးက အနိုင်ရသွားခဲ့သည်။ အမေရိကန်တရားခွင်မှာ စံချိန်တင်ပမာဏဖြစ်သော လျော်ကြေးငွေ ဒေါ်လာ ၃၃၃ သန်းကို နစ်နာသူတွေရခဲ့ကြသည်။ အီရင်အလုပ်လုပ်သော ဥပဒေအကျိုးဆောင်လုပ်ငန်းက ၁၃၃ ဒသမ ၆ သန်းရသည်။ အီရင်ကိုသူ့ဆရာက သူရသင့်သည် ထင်သော ငွေပမာဏကိုရေး၍ တောင်းခိုင်းခဲ့သော်လည်း လက်တွေ့မှာ အီရင်တောင်းတာနည်းလွန်းသည်ဟုဆိုကာ ဒေါ်လာနှစ်သန်းခွဲအထိတိုး၍ပေးခဲ့လေသည်။

အီရင်၏ဘဝကိုလေ့လာကြည့်ရင်းက ကျွန်တော်တွေးမိတာတွေ တော်တော်များများရှိသည်။

Single mother တွေဘဝကို အရှုံးမပေးဖို့တို့၊ ရုပ်ကတော့လှရုံနှင့် ဉာဏ်ရည်နှင့် စီမံခန့်ခွဲနိုင်စွမ်းကတော့ သိပ်ရှိမှာမဟုတ်ပါဘူးဟု ဆိုကာ အထင်မသေးဖို့တို့။ ဒါတွေကထားလိုက်တော့။ လူတိုင်းသဘောပေါက်ပြီးသားကိစ္စတွေဖြစ်သည်။

ပတ်ဝန်းကျင်နှင့် ပြည်သူလူထုကို ထိခိုက်နစ်နာစေသော အင်အားကြီးမားသည့် ကုမ္ပဏီတွေ၊ လုပ်ငန်းကြီးတွေအကြောင်းက စိတ်ဝင်စားစရာကောင်းလှသည်။

အမေရိကန်နိုင်ငံလို ဒီမိုကရေစီဘိုးအေနိုင်ငံကြီးမှာတောင် ရှိနေခဲ့တာလေ။ အီရင် ရင်ဆိုင်ခဲ့တာ တကယ်တော့ ပစိဖိတ်ကုမ္ပဏီတစ်ခုတည်းမဟုတ်။ ယခုထက်တိုင် အမြောက်အမြားရင်ဆိုင်ခဲ့ပြီးဖြစ်ကာ အနည်းဆုံးခုနစ်ခုလောက်က ပစိဖိတ်အမှုလောက်ကြီးမားသည်။

ဆိုလိုတာက စီးပွားရေးသမားကတော့ စီးပွားရေးသမားပဲဖြစ်သည်။ သူ့ကိုလာရင်မဆိုင်လျှင်သူကတော့ သူ့အမြတ်အစွန်းရရေးအတွက် အများကို မငဲ့ကွက်ဘဲ လုပ်မှာဖြစ်သည်။

စခွင့်ပြုခဲ့တုန်းက ကိုယ်မဟုတ်ဘူးဆိုတာနှင့်လည်း လွှဲချ၍မရ။ အများပြည်သူ အသက်အိုးအိမ်စည်းစိမ်ထိပါးမှုရှိလျှင် ဘယ်လိုစခဲ့စခဲ့ ရပ်ရမည်။ ရပ်အောင်ကြိုးစားရမည်။

အစိုးရတစ်ရပ်ရပ်ကချည်းပဲ လုပ်နေ၍မရ။ အစိုးရတွေမှာလည်း အစိုးရအလျောက် သိနိုင်တာ အကန့်အသတ်ရှိသည်။ လုပ်နိုင်တာ အကန့်အသတ်ရှိသည်။

### ကူညီသင့်

တချို့ကလည်း လူကြီးတွေသိအောင်စာရေးပြောကြတာ တော်တော်အားသန်သည်။ လူကြီးတွေ တစ်နေ့တစ်နေ့ဖတ်ရသော စာပမာဏကိုသာ သိရလျှင် ရေးချင်တော့မှာမဟုတ်။

ပြည်သူတွေထဲမှာလည်း ကျွမ်းကျင်ပညာရှင်တွေရှိသည်။ လေ့လာစူးစမ်းအားကောင်းသူတွေ ရှိသည်။ လေ့လာသိရှိသမျှကို ဖေ့စ်ဘွတ်ပေါ်တင်ရုံမျှနှင့် ကျေနပ်မနေသင့်။ နစ်နာသူတွေနှင့် သွားဆွေးနွေးပြီး သူတို့ဘက်က အမှန်တရားပြန်ရအောင် ကူညီသင့်သည်။

ဆန္ဒပြပွဲတွေကလည်း ဖေ့စ်ဘွတ်တင်တာနှင့် သိပ်မထူးဘူးဟု ကျွန်တော်ထင်သည်။

ဆိုလိုတာက အီရင်ဘရိုကိုဗစ်ချ်တွေ ပေါ်လာဖို့လိုသည်။

ပေါ်လည်းပေါ်လာလိမ့်မည်ဟု ကျွန်တော်ယုံကြည်သည်။

# အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

၁။ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ အထူးဒေသ (၄)၊ မိုင်းလားမြို့နယ်၊ ပုန်ဆန်ကျေးရွာစု၊ ဝမ်နွဲ့ကျေးရွာတွင် (၁-၈-၂၀၁၉) ရက်မှ (၆-၈-၂၀၁၉) ရက်အထိ သံသယဖြစ်ဖွယ်ဝက်ရောဂါဖြင့် ဝက် (၁၂)ကောင်သေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် (၉-၈-၂၀၁၉)ရက်၌ သေဆုံးဝက်များမှ နမူနာပစ္စည်းများရယူပြီး ရန်ကုန်နှင့် မန္တလေး တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် မော်လီကျူလာ (Real Time -PCR) နည်းပညာဖြင့် စစ်ဆေးခဲ့ရာ အာဖရိကဝက်အပြင်းဖျားရောဂါ ဗိုင်းရပ်စ်ပိုး (African Swine Fever Virus)၏မျိုးရိုးဗီဇကို တွေ့ရှိခဲ့ပါသည်။

၂။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး အိမ်မွေးဝက်၊ တောဝက်များတွင် သေဆုံးမှုမြင့်မားသော ရောဂါတစ်မျိုးဖြစ်ပြီး ကာကွယ်ဆေး၊ ကုသဆေးမရှိပါ။ အဆိုပါရောဂါကူးစက်ဖြစ်ပွားကြောင်း အတည်ပြုပြီးပါက ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ရောဂါဖြစ်ပွားကြောင်း အတည်ပြုပြီးသည့် ခြံအား သုတ်သင်ရှင်းလင်းခြင်း (Stamping out)၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ရောဂါဖြစ်ဒေသမှ ဝက်နှင့် ဝက်ထွက်ပစ္စည်းများ တင်သွင်းမှုကို ကန့်သတ်တားဆီးပိတ်ပင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ လက်ရှိအာဖရိကဝက်အပြင်းဖျားရောဂါ ဖြစ်ပွားလျက်ရှိသည့် တရုတ်နိုင်ငံတွင် ရောဂါဖြစ်ပွားသည့် (၃-၈-၂၀၁၉)ရက်မှစ၍ ဝက်ကောင်ရေ (၁၁၆၀၀၀၀) ကျော်ကိုလည်းကောင်း၊ မွန်ဂိုလီးယားနိုင်ငံတွင် ရောဂါဖြစ်ပွားသည့် (၁၅-၁-၂၀၁၉) ရက်မှစ၍ ဝက်ကောင်ရေ (၃၁၁၅)ကျော်ကို လည်းကောင်း၊ ဗီယက်နမ်နိုင်ငံတွင် ရောဂါဖြစ်ပွားသည့် (၁၉-၂-၂၀၁၉) ရက်မှစ၍ ဝက်ကောင်ရေ (၃၇၀၀၀၀၀)ကျော်ကိုလည်းကောင်း သုတ်သင်ရှင်းလင်းခဲ့ရသဖြင့် ဝက်မွေးမြူရေးလုပ်ငန်းအတွက် စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုများသည့် ဝက်ရောဂါတစ်မျိုးဖြစ်ပါသည်။ သို့သော် လူသို့ကူးစက်တတ်သည့် ရောဂါပိုးအမျိုးအစားမဟုတ်ပါ။

၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေသဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) သို့ ကနဦးသတင်းပေးပို့လျက်ရှိပါသည်။

၄။ ရောဂါကျရောက်ဖြစ်ပွားမှု မရှိသေးသောဒေသများသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်းမရှိစေရန် အောက်ပါအချက်များကို အလေးထား လိုက်နာဆောင်ရွက်သွားရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ဝက်ခြံများနှင့် ဝက်သားသတ်ရုံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အိမ်မွေးဝက်များကို စားသောက်ဆိုင်များမှ ဝက်သားပါဝင်သော စားကြွင်း/ကျန်ကျွေးခြင်း မပြုလုပ်ရန်၊

(ဃ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင် အထွက် ထိန်းချုပ်ရန်၊

(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရန်၊

(စ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊ ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဆ) ရောဂါဖြစ်ပွားနေသောနိုင်ငံမှ တရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဇ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဈ) ရောဂါဖြင့် သေဆုံးဝက်များကို မြစ်ချောင်းအင်းအိုင်များတွင် စွန့်ပစ်ခြင်းမပြုရန်၊

(ည) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဋ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အာရှဒေသတွင် တာလတ်ပစ်ဒုံးလက်နက်များ ဖြန့်ကြက်ထားရှိရန် အမေရိကန် ကြိုးပမ်းမည်



**ဝါရှင်တန် ဩဂုတ် ၁၄**

၁၉၈၇ ခုနှစ်တွင် အမေရိကန်နှင့် ရုရှားချုပ်ဆိုထားသော လက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်သည် သက်တမ်းကုန်လွန်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံက အာရှဒေသရှိ မဟာမိတ်နိုင်ငံများတွင် တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်ထားရှိရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အမေရိကန်အဆင့်မြင့်သံတမန်တစ်ဦးက ယနေ့ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်နက်ထိန်းချုပ်ရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အန်ဒရီယာသောပ်ဆန်က ဩဂုတ် ၁၃ ရက်တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

အာရှဒေသတွင်းရှိ အမေရိကန်၏ မဟာမိတ်နိုင်ငံများတွင် တာလတ်ပစ်ဒုံးကျည်များကို ဖြန့်ကြက်ထားရှိရန် ဝါရှင်တန်က ရည်ရွယ်ထားသည်။

အမေရိကန်-ရုရှား တာလတ်ပစ်ဒုံးကျည်ထိန်းချုပ်ရေး သဘောတူစာချုပ်သည် ဩဂုတ် ၂ ရက်တွင် သက်တမ်းကုန်လွန်ခဲ့သည်။ နှစ်နိုင်ငံအနေဖြင့် အဆိုပါစာချုပ်နှင့်ပတ်သက်ပြီး ဆက်လက်သဘောတူညီ လက်မှတ်ရေးထိုးရန် ဆိုင်းငံ့ထားလျက်ရှိသည်။

ရုရှား၏ဒုံးလက်နက်စနစ်သစ်သည် စာချုပ်ပါအချက်အလက်များကို ဖောက်ဖျက်လျက်ရှိကြောင်း အမေရိကန်က ရုရှားအစိုးရအား စွပ်စွဲထားပြီး အဆိုပါစာချုပ် ပြန်လည်အသက်ဝင်နိုင်ရေးသည် ရုရှားနိုင်ငံအပေါ်တွင် အဓိကမူတည်လျက်ရှိသည်ဟု အန်ဒရီယာသောပ်ဆန်က ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံပေါင်းစုံပါဝင်သော နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးဆိုင်ရာ လုပ်ငန်းမူဘောင်တစ်ရပ်ကို အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံက စတင်ဆွေးနွေးလျက်ရှိသည်။

တရုတ်နိုင်ငံ၏ နျူကလီးယားဒုံးလက်နက် ဖွံ့ဖြိုးမှုအစီအစဉ်သည် ပွင့်လင်းမြင်သာမှုမရှိသည့်အတွက် အဆိုပါဆွေးနွေးပွဲသို့ တရုတ်နိုင်ငံအား ပါဝင်စေလိုကြောင်း အန်ဒရီယာသောပ်ဆန်က ဆက်လက်ပြောကြားခဲ့သည်။

အာရှဒေသတွင်း၌ အမေရိကန်၏ တာလတ်ပစ်ဒုံးကျည်များ ဖြန့်ကြက်ထားရှိရန် အမေရိကန်မဟာမိတ်နိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယားနှင့် ဩစတြေးလျနိုင်ငံများက သဘောတူနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ကက်ရှ်မီးယားအရေး ပါကစ္စတန်အစိုးရ ကုလလုံခြုံရေးကောင်စီအား အကူအညီတောင်းခံ



**အစ္စလာမ္မာဘတ် ဩဂုတ် ၁၄**

အိန္ဒိယ-ပါကစ္စတန် နယ်မြေအငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားနယ်မြေ အိန္ဒိယထိန်းချုပ်ဒေသအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအာဏာ ခွင့်ပြုထားမှုကို အိန္ဒိယအစိုးရက ပြန်လည်ရုပ်သိမ်းခြင်းနှင့် ပတ်သက်ပြီး ပါကစ္စတန်အစိုးရက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပပေးရန် တောင်းဆိုခဲ့သည်။

ဩဂုတ် ၆ ရက်တွင် အိန္ဒိယအစိုးရက မွတ်စလင်လူမျိုးအများအပြားနေထိုင်သည့် ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသကို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာပေးထားခြင်းမှ ပြန်လည်ရုပ်သိမ်းခဲ့သည်။ အဆိုပါဒေသအား ၁၉၄၉ ခုနှစ်ကစပြီး အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာပေးထားခဲ့ခြင်းဖြစ်သည်။

ကက်ရှ်မီးယားဒေသအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားခြင်းအပေါ် ပါကစ္စတန်အစိုးရက အခွင့်အရေးယူကာ အိန္ဒိယနိုင်ငံအား လုံခြုံရေးခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိသည်ဟု အိန္ဒိယအစိုးရက စွပ်စွဲပြောကြားခဲ့သည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ပါကစ္စတန်အစိုးရက အိန္ဒိယအစိုးရ၏ လုပ်ရပ်သည် ကက်ရှ်မီးယားဒေသနေပြည်သူများ၏ လူ့အခွင့်အရေးကို ဖောက်ဖျက်ရာရောက်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည်ဟု ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကက်ရှ်မီးယားဒေသအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် အာဏာပေးထားခြင်းမှ အိန္ဒိယအစိုးရ၏ ပြန်လည်ရုပ်သိမ်းမှုကို ပြန်လည်ပြင်ဆင်ဆုံးဖြတ်နိုင်ရေးအတွက် ပါကစ္စတန်အစိုးရက ကုလသမဂ္ဂလုံခြုံရေးကောင်စီအား အကူအညီတောင်းခံခဲ့သည်။

အဆိုပါ အရေးနှင့်ပတ်သက်ပြီး အိန္ဒိယအစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်မှုသည် တစ်ဖက်သတ်ကျသော်လည်း နှစ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် လိုအပ်ပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က နှစ်နိုင်ငံအား တိုက်တွန်းပြောကြားခဲ့သည်။

အိန္ဒိယ၏ အဆိုပါဆုံးဖြတ်ချက်ချမှတ်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ပါကစ္စတန်နိုင်ငံက နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို လျှော့ချပစ်ခဲ့သည့်အပြင် ကုန်သွယ်ရေးကဏ္ဍကိုပါ ဆိုင်းငံ့ထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ချဒ်နိုင်ငံအနောက်ပိုင်း၌ အမျိုးသမီးတစ်ဦး အသေခံဗုံးခွဲတိုက်ခိုက်

**အင်ဂျာမီနာ ဩဂုတ် ၁၄**

ချဒ်နိုင်ငံ အနောက်ပိုင်းဒေသတွင် အသေခံဗုံးခွဲသမား အမျိုးသမီးတစ်ဦးက ဩဂုတ် ၁၄ ရက်တွင် ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ကြောင်း ချဒ်စစ်ဘက်မှ အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။ ယင်းအသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကို နိုင်ဂျီးရီးယားအခြေစိုက် ဘိုကိုဟာရမ်ဂျီဟတ်ဝါဒီတို့က လုပ်ဆောင်ခဲ့သည်ဟု မှတ်ယူရကြောင်း ၎င်းက ပြောကြားသည်။

ယင်းအသေခံဗုံးခွဲတိုက်ခိုက်မှုမှာ ချဒ်နိုင်ငံ ကိုင်ဂါကင်ဒီဂရီယာခရိုင်တွင် ဖြစ်ပွားခဲ့ပြီး စစ်သည်တစ်ဦး အပါအဝင် လူခြောက်ဦးသေဆုံးခဲ့ကြောင်း အမည်မဖော်သည့် ယင်းစစ်ဘက်အထက်တန်းအရာရှိက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုကြောင့် လူအချို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်၍ လတ်တလောတွင် မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ရှိသည်ဟု ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ကိုင်ဂါကင်ဒီဂရီယာခရိုင်သည် ချဒ်နိုင်ငံ လေ့စ်ပြည်နယ်အတွင်း တည်ရှိပြီး ယင်းပြည်နယ်မှာ အာဖရိကတိုက်အတွင်းမှ ကြီးမားကျယ်ပြန့်သော ချဒ်ရေကန်ကြီးအနီးတွင် တည်ရှိသည်။ ယင်းချဒ်ရေကန်ကြီးအား ချဒ်၊ ကင်မရွန်း၊ နိုင်ဂျာနှင့် နိုင်ဂျီးရီးယား လေးနိုင်ငံတို့ ထိစပ်ပိုင်ဆိုင်ကြသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဘိုကိုဟာရမ်စစ်သွေးကြွများ ပုန်ကန်သောင်းကျန်းမှုသည် ဆယ်စုနှစ်တစ်ခုကျော်မျှ ကြာမြင့်ခဲ့ပြီး ၎င်းတို့ စတင်ပုန်ကန်မှုများ ပြုလုပ်ကတည်းကပင် အဆိုပါဒေသဝန်းကျင်ရှိ အိမ်နီးချင်းနိုင်ငံများကို တိုက်ခိုက်မှုများ ပျံ့နှံ့သွားခဲ့သည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် ၂၀၁၈ ခုနှစ်ကတည်းကပင် ချဒ်နိုင်ငံ ပိုင်နက်နယ်မြေအတွင်းသို့ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှု ၁၀ ကြိမ်ထက်မနည်း ပြုခဲ့ဖူးသည်။ ၎င်းတို့၏ အဓိကပစ်မှတ်မှာ ချဒ်စစ်တပ်စခန်းများဖြစ်သည်။

ယခုနှစ် မတ်လအတွင်းက ချဒ်ရေကန်ကြီး၏အရှေ့မြောက်ဘက်ခြမ်းရှိ ချဒ်စစ်ဘက် ရှေ့တန်းစခန်းတစ်ခုအား ဘိုကိုဟာရမ်များက တိုက်ခိုက်ခဲ့ရာ ချဒ်စစ်သည် ၂၇ ဦး သေဆုံးခဲ့ရသည်။ ဇူလိုင်လအတွင်းကလည်း ဘိုကိုဟာရမ် စစ်သွေးကြွများနှင့် ချဒ်တပ်ဖွဲ့ဝင်များ ချိုကူယူတာလီယာဒေသ၌ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး ချဒ်တပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံးကာ ခြောက်ဦး ဒဏ်ရာရခဲ့ပြီး ဘိုကိုဟာရမ်စစ်သွေးကြွ ၂၆ ဦး သေဆုံးခဲ့ကြောင်း ချဒ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘိုကိုဟာရမ်ဂျီဟတ်ဝါဒီစစ်သွေးကြွများ စစ်ရေးအရ တိုက်ခိုက်မှုများ စတင်ကတည်းက နိုင်ဂျီးရီးယားနိုင်ငံတစ်နိုင်ငံတည်းတွင် ပြည်သူ ၂၇၀၀၀ သေဆုံးခဲ့ရပြီး လူနှစ်သန်းနီးပါးမှာ နေအိမ်များကို စွန့်ခွာထွက်ပြေးရကြောင်း ခန့်မှန်းမှုများအရ သိရသည်။

၂၀၁၅ ခုနှစ်အတွင်းက ချဒ်ရေကန်ဝန်းကျင်ရှိ နိုင်ငံလေးနိုင်ငံသည် ဘီနင်နိုင်ငံနှင့်အတူ ညွန့်ပေါင်းတပ်ဖွဲ့တစ်ခုထူထောင်ပြီး ဘိုကိုဟာရမ်စစ်သွေးကြွများကို တိုက်ခိုက်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# ဂျပန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် ၂၃ ဦးသေဆုံး

**တိုကျို ဩဂုတ် ၁၄**

ဂျပန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် ဩဂုတ် ၅ ရက်မှစပြီး ဆေးရုံများသို့ ဆေးကုသမှုခံယူရသူ အရေအတွက် ၁၂၇၅၁ ဦးရှိပြီး ၎င်းတို့အနက် ၂၃ ဦးခန့် သေဆုံးခဲ့သည်ဟု ဂျပန်သဘာဝဘေးအန္တရာယ်ထိန်းချုပ်ရေးအေဂျင်စီက ယနေ့ပြောကြားခဲ့သည်။



အပူချိန်မြင့်တက်မှုကြောင့် တိုကျိုမြို့တွင် ဆေးကုသမှုခံယူသူအရေအတွက် ၁၄၆၅ ဦး၊ ဆိုင်တာမာစီရင်စုတွင် ၉၇၇ ဦးနှင့် အိုဆာကာမြို့တွင် ၈၉၇ ဦးရှိခဲ့ကြောင်း သိရသည်။

ဆေးရုံသို့ ဆေးကုသလျက်ရှိသူများအနက် ၅၅ ရာခိုင်နှုန်းသည် အသက် ၆၅ နှစ်နှင့် အထက် အရွယ်များဖြစ်သည်။ ဂျပန်နိုင်ငံ နီဂါတာစီရင်စု ဂျိုဆုမြို့တွင် အမြင့်ဆုံးအပူချိန် ၄၀ ဒသမ ၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်အရ သိရသည်။

ထို့ပြင် နီဂါတာစီရင်စုရှိ ဆန်ဂျိုးမြို့တွင် အပူချိန် ၃၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ပြီး ယာမာဂူချီစီရင်စု၊ တော့တိုရီနှင့် ဟျိုင်ဂိုစီရင်စုများတွင် အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ချစ်ကြည်ရေးခရီးအဖြစ် ဂျပန်ဖျက်သင်္ဘော အိန္ဒိယသို့ ရောက်ရှိ



**နယူးဒေလီ ဩဂုတ် ၁၄**
ဒုံးလက်နက် တပ်ဆင်ထားသည့် ဂျပန်ဖျက်သင်္ဘော "ဂျေအက်စ်ဆာဇာနာမီ" သည် နှစ်ရက်တာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံတောင်ပိုင်း ကိုချီဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း နယူးဒေလီရှိ အိန္ဒိယရေတပ်က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံရေတပ်မှ တာဝန်ရှိသူများသည် နှစ်ဖက်အကျိုးစီးပွားနှင့် သက်ဆိုင်သည့် အတတ်ပညာဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။ ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ပိုင်ဆိုင်သည့် အဆိုပါဖျက်သင်္ဘောကို ဒုတိယဗိုလ်မှူးကြီး ရှူဂျီ အစ်ရှကာဝါက ကွပ်ကဲအုပ်ချုပ်ခြင်းဖြစ်သည်။

အခြား ဂျပန်ရေတပ်အရာရှိများ လိုက်ပါလျက် ဒုတိယဗိုလ်မှူးကြီး ရှူဂျီ အစ်ရှကာဝါသည် အိန္ဒိယရေတပ်ဗိုလ်မှူးချုပ် အနီကူးမား ချော်လာနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံရေတပ်ဖွဲ့များ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် အတတ်ပညာဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ကိုချီဆိပ်ကမ်း၌ နှစ်ရက်တာခရီး ရောက်ရှိနေစဉ်အတွင်း အိန္ဒိယရေတပ်မှ တပ်ဖွဲ့ဝင်များက ဂျပန်ဖျက်သင်္ဘောပေါ်သို့ တက်ရောက်လည်ပတ်ခြင်း၊ နှစ်နိုင်ငံရေတပ်ဖွဲ့ဝင်များ အတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်ကြမည်ဖြစ်သည်။

ဂျပန်ဖျက်သင်္ဘောမှ တပ်ဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ၏ ရေငုပ်သင်္ဘောရန် ခုခံကာကွယ်ရေး စစ်ဆင်မှုသင်တန်းကျောင်းနှင့် ကမ်းလွန်ရေတပ် ကင်းလှည့်ရေယာဉ် "အိုင်အင် အက်စ် ဆူနေနာ" သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း အိန္ဒိယရေတပ်က သတင်းကြေညာချက် ထုတ်ပြန်သည်။

အရာရှိ ၂၅ ဦး၊ သင်္ဘောသား ၁၅၆ ဦးနှင့် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ဝင်ရှစ်ဦး လိုက်ပါလာသည့် ဂျပန်ဖျက်သင်္ဘောသည် ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် ဘာရိန်းနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် အောင်ဇော်လင်း**

# ကာကွယ်ရေးနယ်ပယ်၌ အောင်မြင်မှုစွမ်းဆောင်ပေးသည့် သိပ္ပံပညာရှင် ၁၀၃ ဦးအား မြောက်ကိုရီးယား ရာထူးတိုးမြှင့်ပေး



**ပြုံယမ်း ဩဂုတ် ၁၄**
မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်သည် စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရှင် ၁၀၃ ဦးတို့အား အမျိုးသားကာကွယ်ရေး သုတေသနလုပ်ငန်း၌ စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်မှုအတွက် ရာထူးအဆင့်တိုးမြှင့်ပေးရန် အမိန့်စာထုတ်ပြန်လိုက်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA)က ယနေ့ ဖော်ပြထားသည်။

မြောက်ကိုရီးယားအစိုးရသည် ကိုယ်တိုင် ကာကွယ်ရေးအတွက် နိုင်ငံတော်၏ စစ်ဘက်စွမ်းပကား တိုးမြှင့်ရန် စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည့် အဆိုပါ သိပ္ပံပညာရှင်များကို ဩဂုတ် ၁၃ ရက်က ရာထူးအဆင့် တိုးမြှင့်ပေးခဲ့ကြောင်း သတင်းအေဂျင်စီက ဖော်ပြသည်။

အဆိုပါ သိပ္ပံပညာရှင်များသည် ပါတီ၊ တော်လှန်ရေး၊ နိုင်ငံတော်နှင့် ပြည်သူများအား အကာအကွယ်ပေးရာတွင် အဓိကသော့ချက်ဖြစ်သော အစွမ်းထက် စစ်လက်နက်စနစ်များ တည်ဆောက်မှုတွင် ကြိုးပမ်း လုပ်ဆောင်ခဲ့ကြကြောင်း ခေါင်းဆောင် ကင်ဂျုံအန်က အမိန့်စာထဲတွင် ရေးသားဖော်ပြထားသည်။

ထို့အပြင် ကင်ဂျုံအန်သည် ကိုယ်တိုင် ကာကွယ်ရေးအတွက် နိုင်ငံတော်၏ စစ်ဘက်စွမ်းပကား တိုးမြှင့်ရေးနယ်ပယ်၌ တစ်ခေတ်ဆန်းသစ်စေသော အလှည့်အပြောင်း တစ်ခုပံ့ပိုးပေးပြီး အလွန်ခက်ခဲသော နည်းပညာရပ်ဆိုင်ရာ ပြဿနာများအား ကိုင်တွယ်ဖြေရှင်းရေးအတွက် အစိုးရ၏ မဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ပေးခဲ့သည့် သိပ္ပံပညာရှင်များအပေါ် လေးလေးစားစား ချီးကျူးခဲ့ကြောင်း သတင်းအေဂျင်စီက ထပ်မံဖော်ပြထားသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - ဂျေတီ**

# ဥဇဘက်ကစ္စတန်နိုင်ငံက မြေယာ ပုဂ္ဂလိကပိုင်ပြုလုပ်မှု လာမည့်နှစ်တွင် စတင်မည်

**တက်ရှ်ကင့် ဩဂုတ် ၁၄**
နိုင်ငံ့သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် စိုက်ပျိုးရေးမဟုတ်သောမြေကို ပုဂ္ဂလိကပိုင်ပြုလုပ်ခွင့်ပြုသည့် ဥပဒေသစ်တစ်ရပ်ကို ဥဇဘက်ကစ္စတန်သမ္မတ ရှာကတ်မီဇီယိုယက်ဗ်က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

မြေယာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဥပဒေကို ပြီးခဲ့သော မေလအတွင်း အထက်လွှတ်တော်က အတည်ပြုခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ် ၁ ရက်တွင် စတင်အာဏာတည်မည်ဖြစ်သည်။ ယခင်က မြေယာအားလုံးကို လူဦးရေ ၃၃ သန်းကျော်ရှိ ဗဟိုအာရှဒေသတွင် လူဦးရေအများဆုံးရှိသော တိုင်းပြည်ဖြစ်သည့် ဥဇဘက်ကစ္စတန်နိုင်ငံက ပိုင်ဆိုင်ခဲ့သည်။ အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေမှာ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အရေးပါကြောင်း၊ မြေယာပိုင်ဆိုင်မှုမရှိပါက ဈေးကွက်စီးပွားရေးမှာ ယှဉ်ပြိုင်မှုရှိမည်မဟုတ်ကြောင်း ဥဇဘက်ကစ္စတန် တာဝန်ရှိသူများက အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဥပဒေသစ်အရ ဥပဒေနှင့်ညီညွတ်သော အဖွဲ့အစည်းများ၊ ဥဇဘက်ကစ္စတန်နိုင်ငံသားများမှာ စီးပွားရေးလုပ်ကိုင်ရန်နှင့် အိမ်ရာတည်ဆောက်ရန် စီစဉ်ပေးထားသည့် မြေကွက်များကို ပုဂ္ဂလိကပိုင်ပြုလုပ်နိုင်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ယူနန်ပြည်နယ်နှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဝင် နိုင်ငံများ၏ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံထိ ရှိလာ

**ကူမင်း ဩဂုတ် ၁၄**
တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏ "ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း" တစ်လျှောက်ရှိ တိုင်းပြည်များနှင့် ကုန်သွယ်မှုမှာ ယခုနှစ် ပထမခုနစ်လအတွင်း ၁၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံနှင့်ညီမျှသည့် ယွမ် ၉၀ ဒသမ ၇ ဘီလီယံအထိ ရှိလာခဲ့သည်။

ယူနန်ပြည်နယ်၏ "ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းဝင်" တိုင်းပြည်များနှင့် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ စုစုပေါင်း သွင်းကုန်၊ ပို့ကုန်ပမာဏ၏ ၇၂ ရာခိုင်နှုန်းကျော်ရှိကြောင်း ပြည်နယ်မြို့တော် ကူမင်းရှိ အကောက်ခွန်ဌာနက ပြောကြားသည်။ ယခုနှစ် ပထမခုနစ်လအတွင်း "ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း" တစ်လျှောက်ရှိ တိုင်းပြည်များသို့ ယူနန်ပြည်နယ်၏ ပို့ကုန်ပမာဏမှာ ယွမ် ၃၄ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး နှစ်အလိုက် ၂၂ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ သွင်းကုန်ပမာဏမှာ ယွမ် ၅၆ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၂ ရာခိုင်နှုန်းများပြားလာခဲ့သည်။

ပြည်နယ်အကောက်ခွန်ဌာန၏ ပြောကြားချက်အရ လျှပ်စစ်ပစ္စည်းထုတ်ကုန်များနှင့် ဓာတ်မြေသြဇာများ တင်ပို့မှုမှာ လျင်မြန်စွာ မြင့်တက်လာခဲ့ပြီး လယ်ယာထွက်ကုန်နှင့် အခြားလူသုံးကုန်များတင်ပို့မှုမှာ ဆက်လက်တိုးတက်ခဲ့သည်။ ယူနန်ပြည်နယ်မှာ စွမ်းအင်၊ သတ္တုရိုင်းနှင့် အခြားသွင်းကုန်များ တင်သွင်းမှုတွင် ပုံမှန်တိုးတက်မှုရှိခဲ့သည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကုန်သွယ်ရေးဆိုင်ရာ တရုတ်နှင့် အမေရိကန် တာဝန်ရှိသူများ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး


တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် လျူဟီ


အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင် မျူချင်

**ပေကျင်း ဩဂုတ် ၁၄**
တရုတ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် လျူဟီသည် အမေရိကန်ပြည်ထောင်စုဘက်မှ မေတ္တာရပ်ခံချက်အရ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာနှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင် မျူချင်တို့နှင့်အတူ ဩဂုတ် ၁၃ ရက် ညနေပိုင်းက တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

ဆက်သွယ်ဆွေးနွေးစဉ် တရုတ်သွင်းကုန်ပစ္စည်းများအပေါ် အမေရိကန်ပြည်ထောင်စုက အသစ်ချမှတ်သောစည်းကြပ်ခွန်နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုကို တရုတ်က လေးလေးနက်နက် တင်ပြတောင်းဆိုခဲ့ကြောင်း သိရသည်။ အမေရိကန်က တရုတ်သွင်းကုန်ပစ္စည်းများအပေါ် အသစ်ချမှတ်သော စည်းကြပ်ခွန်သည် လာမည့် စက်တင်ဘာ ၁ ရက်မှစ၍ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တရုတ်နှင့် အမေရိကန်ပြည်ထောင်စုသည် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သီတင်းပတ်နှစ်ပတ်အတွင်း ဆက်သွယ်ဆွေးနွေးမှု နောက်ထပ်ပြုလုပ်ရန် သဘောတူခဲ့ကြသည်။

အဆိုပါ ဆက်သွယ်ဆွေးနွေးမှုတွင် တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဇုံးဟောင်ရှန်၊ တရုတ်ပြည်သူ့ဘဏ်ဥက္ကဋ္ဌ ယီဂန်နှင့် အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ဥက္ကဋ္ဌ နင်ဂျီဟဲတို့လည်း ပါဝင်ခဲ့ကြသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် တစ်ဦးလည်းဖြစ်သူ လျူဟီသည် တရုတ်နှင့် အမေရိကန်အကြား ပြည့်ဝစုံလင်သော စီးပွားရေးဆိုင်ရာဆွေးနွေးမှုတွင် တရုတ်ဘက်မှ ဆွေးနွေးမှုခေါင်းဆောင်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# JMC ဆိုင်ရာ အကြောင်းအရာများရှင်းလင်းခြင်း အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ



**ရန်ကုန် ဩဂုတ် ၁၄**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) အဆင့်ဆင့်တွင်ပါဝင်သည့် အရပ်သားကိုယ်စားလှယ်များကပြုလုပ်သည့် JMC ဆိုင်ရာ အကြောင်းအရာများ ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပသည်။

**ပစ်ခတ်တိုက်ခိုက်မှုများလျော့ပါး**

အခမ်းအနားတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးက JMC စတင်ဖွဲ့စည်းစဉ်ကာလမှ ယခုအချိန်အထိ လေးနှစ်နီးပါးကာလအတွင်း NCA ရေးထိုးထားသည့် အဖွဲ့အစည်းများအကြား ပစ်ခတ်တိုက်ခိုက်မှုများ မရှိသလောက် လျော့ပါးသွားခဲ့သည်မှာ အထင်အရှားပင်ဖြစ်ကြောင်း၊ ဒေသခံ ပြည်သူလူထုအနေဖြင့်လည်း ငြိမ်းချမ်းမှုအသီးအပွင့်များကို အထိုက်အလျောက်ခံစားနေရပြီ ဖြစ်ကြောင်း၊ ထို့အပြင် JMC အဆင့်ဆင့်တွင်ရှိသည့် ကော်မတီဝင်များကြားတွင်လည်း ရင်းနှီးယုံကြည်မှု အတိုင်းအတာတစ်ခုအထိ တည်ဆောက်ထားနိုင်ပြီး ယင်းယုံကြည်မှုများ မပြိုပျက်စေရန်နှင့် ယုံကြည်မှုပိုမိုမြင့်မားစေရန်အတွက်လည်း မိမိတို့အနေဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းနေကြောင်း၊ ယုံကြည်မှုရရှိရန်အတွက် နှစ်ပေါင်းများစွာ တည်ဆောက်ခဲ့ရသော်လည်း အခန့်မသင့်ပါက တစ်နေ့တည်း၊ တစ်ရက်တည်းနှင့် ပြိုပျက်သွားနိုင်သည့် သဘောသဘာဝကိုလည်း သတိကြီးစွာထားကာ အကောင်အထည်ဖော် ဆောင်ရွက်နေရကြောင်း။

ယနေ့ အခမ်းအနားသည် JMC ၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရုံသာမက တက်ရောက်လာသူများအနေဖြင့် မရှင်းလင်းသည်များကိုလည်း လွတ်လပ်စွာ မေးမြန်းနိုင်ကြောင်း၊ မိမိတို့ JMC လုပ်ငန်းများအပေါ်တွင် တိုးတက်စေလိုသည့်ဆန္ဒနှင့် အပြုသဘောဆောင်ပြီး အကြံပေးပြောကြားမှုများကိုလည်း ကြိုဆိုပါကြောင်း၊ JMC သည် စတင်ဖွဲ့စည်းစဉ်အချိန်တွင် အစိုးရအပြောင်းအလဲနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ဘဏ္ဍာရေး အခက်အခဲပြဿနာများကို ရင်ဆိုင်ခဲ့ရကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့ခဲ့ရကြောင်း၊ သို့သော်လည်း ယင်းစိန်ခေါ်မှုများကို JMC အဖွဲ့ဝင်များအားလုံး အတူတကွပူးတွဲပြီး ကျော်လွှားဖြတ်သန်းနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် ပူးတွဲအဖွဲ့အစည်းများ ထူထောင်ကာ လက်နက်ကိုင်ပဋိပက္ခဖြေရှင်းသည့် အတွေ့အကြုံသည်လည်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ စုပေါင်းခေါင်းဆောင်မှုဖြင့် အခက်အခဲများကို တစ်ထစ်ချင်း ကျော်လွှားနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း တွေ့ကြုံရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများ ရှိနေလိမ့်ဦးမည်ဖြစ်ကြောင်း၊ ထိုအရာများကိုလည်း ဆက်လက် ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားပြီးသွားပါက JMC အနေဖြင့် ယခင်ကထက် ပိုမိုစည်းလုံးလာပြီး ရင်းနှီးယုံကြည်မှုများလည်း ပိုမိုခိုင်မြဲလာစေမည် ဖြစ်ကြောင်း။

**ရေရှည်အမြင်ဖြင့် တွေးတော**

မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးမရမချင်း JMC ၏ အခန်းကဏ္ဍသည် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး JMC ၏ လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းမှုများ ပိုမိုခိုင်မာအားကောင်းလာရန် အဖွဲ့ဝင်အားလုံးကလည်း စဉ်ဆက်မပြတ် ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း၊ JMC အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အပစ်အခတ်ရပ်စဲရေးကို သန္နိဋ္ဌာန်ရှိရှိဖြင့် အကောင်အထည်ဖော်နေရုံသာမက ငြိမ်းချမ်းရေးအတွက် ရေရှည်အမြင်ဖြင့် တွေးတောစဉ်းစားပြီး စီမံကိန်းများကို အစီအစဉ်ချဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အဖွဲ့ဝင် အရပ်သားကိုယ်စားလှယ် သူရဦးဘိုနီက JMC ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုပုံစံ ခေါင်းစဉ်ဖြင့် JMC ၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် အခြေခံမူများကိုလည်းကောင်း၊ JMC စတင်ဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းပုံကိုလည်းကောင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှု အဆင့်ဆင့်ကိုလည်းကောင်း၊ JMC အစည်းအဝေးများပြုလုပ်ခြင်း အခြေအနေများကိုလည်းကောင်း၊ JMC အဆင့်ဆင့်၏ သက်တမ်းနှင့် သုံးသပ်မှုကိုလည်းကောင်း၊ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများ၏ အရေးပါမှုကိုလည်းကောင်း၊ JMC လုပ်ငန်းလမ်းညွှန်၊ လုပ်ထုံးလုပ်နည်းပြုစုရေးဆွဲခြင်း အဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)အဖွဲ့ဝင် အရပ်သားကိုယ်စားလှယ် သိက္ခာတော်ရ ဆရာတော် စောမက်သယူးအေးက JMC အရပ်သားကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် JMC အဆင့်ဆင့်တွင် အရပ်သားကိုယ်စားလှယ်များပါဝင်မှု အခြေအနေကိုလည်းကောင်း၊ JMC-S များတွင် အရပ်သားအမျိုးသမီးပါဝင်မှု အခြေအနေကိုလည်းကောင်း၊ အရပ်သားပါဝင်ရမှု ရည်ရွယ်ချက်နှင့် အခြေခံမူများကိုလည်းကောင်း၊ အရပ်သားကိုယ်စားလှယ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM)များ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ LCM လုပ်ငန်းစဉ်အား ကြီးကြပ်ကွပ်ကဲမှုအဆင့်ဆင့်ကိုလည်းကောင်း၊ LCM များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးက JMC လုပ်ငန်းတာဝန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောလုပ်ငန်းများ ခေါင်းစဉ်ဖြင့် JMC လုပ်ငန်းတာဝန်များမှ စောင့်ကြည့်လေ့လာခြင်း၊ စိစစ်အတည်ပြုခြင်း၊ ပဋိပက္ခဖြေရှင်းခြင်းတို့ကိုလည်းကောင်း၊ ဖွဲ့စည်းခဲ့ပြီးဖြစ်သည့် JMC-S များနှင့် JMC-L များကိုလည်းကောင်း၊ အစည်းအဝေးကျင်းပနိုင်မှု အခြေအနေများကိုလည်းကောင်း၊ အရပ်သားကိုယ်စားလှယ်မျက်နှာစုံညီ အစည်းအဝေးများကျင်းပနိုင်မှု အခြေအနေကိုလည်းကောင်း၊ JMC အဆင့်ဆင့်အလိုက် တိုင်ကြားစာများလက်ခံရရှိမှုနှင့် ဖြေရှင်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ စိစစ်အတည်ပြုခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို လည်းကောင်း၊ အရပ်သားကိုယ်စားလှယ်များ၏ ကြားဝင်စေ့စပ်ညှိနှိုင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ နိုင်ငံတကာငြိမ်းချမ်းရေး လေ့လာရေးခရီးစဉ်ကိုလည်းကောင်း၊ လူထုတွေ့ဆုံပွဲများကျင်းပရခြင်း၊ ပညာရှင်စကားဝိုင်းများကျင်းပခြင်း၊ JMC အသိပညာပေးပြခန်းများ စီစဉ်ပြသခြင်း၊ JMC အား ပြည်သူများသိရှိလာစေရန် အားကစားပွဲများကျင်းပခြင်း၊ မီဒီယာများနှင့် တွေ့ဆုံခြင်း၊ နိုင်ငံတကာပညာရှင်များနှင့် တွေ့ဆုံ၍ အကြံဉာဏ်များရယူခြင်း၊ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း စသည်တို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲသို့ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးနှင့် အဖွဲ့ဝင်များဖြစ်ကြသော အရပ်သားကိုယ်စားလှယ် သူရဦးဘိုနီနှင့် သိက္ခာတော်ရ ဆရာတော် စောမက်သယူးအေးတို့က ရှင်းလင်းပြောကြားပြီး JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်က ဖြည့်စွက်ရှင်းလင်းဖြေကြားသည်။

**တက်ရောက်**

ယနေ့ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်၊ အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်၊ JMC အဆင့်ဆင့်မှ အရပ်သား ကိုယ်စားလှယ်များ၊ JMC နည်းပညာအထောက်အကူပြု အဖွဲ့များ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူများနှင့် လေ့လာသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် JMC-S (ရှမ်း)မှ အရပ်သားကိုယ်စားလှယ် ဦးအောင်စိုးမိုးက "လက်ရှိကာလ ၂၀၁၉ ခုနှစ် ဒီဘက်ဝန်းကျင်မှာတော့ RCSS က ခဏတော့ ဆိုင်းငံ့ထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ လစဉ်ပုံမှန်အစည်းအဝေးကတော့ မဖြစ်ပါဘူး။ ဒါပေမယ့် အရပ်သားတွေရဲ့ အလွတ်တမ်း အစည်းအဝေးကတော့ ရှိနေတယ်။ တွေ့ဆုံပွဲတွေ၊ JMC နဲ့ဆိုင်တဲ့ သင်တန်းတွေကိုတော့ ကျွန်တော်တို့ ဆက်သွားနေကြပါတယ်။ လက်ရှိအခြေအနေကတော့ ကောင်းလာမယ့် အလားအလာတွေ ပြန်ရှိလာကြပါတယ်။ ဆိုင်းငံ့ထားတဲ့ အစုအဖွဲ့တွေကလည်းပဲ JMC ရဲ့ တရားဝင် အစည်းအဝေးတွေထဲမှာ ပြန်လာမယ့် အနေအထားတွေကတော့ အများကြီးတွေ့နေရလို့ ငြိမ်းချမ်းရေးအနေအထားကတော့ တိုးတက်လာမယ့်အနေအထား ရှိနေပါတယ်"ဟု ပြောသည်။

အလားတူ JMC-S(ကရင်)မှ အရပ်သားကိုယ်စားလှယ် နန်းစေဟွားက "ကျွန်မတို့ရဲ့ ကရင်ပြည်နယ်မှာ ကျေးရွာတွေကိုသွားပြီးတော့ JMC နဲ့ပတ်သက်ပြီး လိုက်လံရှင်းပြပေးတယ်။ နှစ်ဖက်တပ်တွေရဲ့ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို တပ်ပိုင်းဆိုင်ရာကလည်း သိနိုင်ဖို့၊ ကျေးရွာလူထုတွေသိအောင် သွားရောက် အသိပေးတာတွေရှိပါတယ်။ အရပ်သားကိုယ်စားလှယ်တွေ ပူးပေါင်းပြီး နှစ်ဖက်တပ် တပ်မှူးတွေကို သင်တန်းပေးလေ့ရှိပါတယ်။ ဒါပေမယ့် အခုလောလောဆယ် ဆိုင်းငံ့ကာလ လုပ်ပြီးတဲ့နောက်မှာတော့ နှစ်ဖက်ပူးပေါင်းပြီး ဆောင်ရွက်နိုင်ခွင့် မရှိတော့ဘူး။ ကျွန်မတို့အနေနဲ့ လူထုတွေ့ဆုံပွဲတွေကို ပိုမိုလုပ်နိုင်ဖို့ ဌာနဆိုင်ရာတွေ၊ တက္ကသိုလ်မှာရှိတဲ့ ဆရာ ဆရာမတွေ၊ တကယ့် ကျေးလက်ဒေသမှာ ထိတွေ့မှုများနေတဲ့ ပညာရေးဌာနက ဆရာမတွေကို ဆက်လက်ပြီး သင်တန်းတွေပေးဖို့ရှိပါတယ်"ဟု ပြောသည်။

**အခြေခံမူခြောက်ချက်ဖြင့် ဆောင်ရွက်**

အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှု အခြေခံဖြင့် ညှိနှိုင်းဖြေရှင်းပေးရန်၊ ပဋိပက္ခဒေသများတွင်းရှိ ပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်၊ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဘက်လိုက်မှုကင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို အခြေခံရန်၊ ပဋိပက္ခများအား အင်အားသုံးဖြေရှင်းခြင်းမပြုဘဲ ညှိနှိုင်းအဖြေရှာခြင်းနည်းလမ်းကို အသုံးပြုရန်၊ NCA စာချုပ်ပါ အခြေခံမူများ၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များအား စောင့်ထိန်းအကောင်အထည်ဖော်ရန်၊ နှစ်ဖက်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်းဖြင့် အကောင်အထည်ဖော်ရန်၊ ဝိဝါဒ ကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရန် စိတ်ရင်းစေတနာမှန်ဖြင့် အကြေအလည် ညှိနှိုင်းဆောင်ရွက်ရန်၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေများကို အသိအမှတ်ပြုလေးစားရန် စသည့် အခြေခံမူများ ခြောက်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## "Mulholland Drive" ဇာတ်ကားကို FDC တွင် ခွဲခြမ်းစိတ်ဖြာလေ့လာမည်

**ရန်ကုန် ဩဂုတ် ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ Cinematheque Program ၏ ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းကို ရန်ကုန်မြို့ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ဩဂုတ် ၁၈ ရက်(တနင်္ဂနွေ)နေ့ မွန်းလွဲ ၁၂ နာရီ မှ ညနေ ၄ နာရီ အထိ ပြသဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ ယခုတစ်ပတ်တွင် ဒါရိုက်တာ David Lynch ရိုက်ကူးသော "Mulholland Drive" ဇာတ်ကားကို ပြသပြီး အဆိုပါဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမည်ဖြစ်သည်။

ယင်းဇာတ်ကားသည် Drama, Mystery, Thriller အမျိုးအစားဖြစ်ပြီး ၂၀၀၁ ခုနှစ် Cannes Film Festival တွင် Best Director Award ဆုနှင့် ၂၀၀၂ ခုနှစ် National Society of Film Critics Award ဆုပေးပွဲတွင် Best Actress ဆုကို ရရှိခဲ့သည့် ဇာတ်ကားကောင်း တစ်ကား ဖြစ်သည်။

အဆိုပါ Film Analysis ပြုလုပ်ခြင်းအစီအစဉ်တွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ပါကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

# အနောဓိသမေတ္တာ ဩဓိသမေတ္တာနှင့် မေတ္တာပွားကြ ဝါခေါင်လ

ဒေါက်တာ မောင်ဖြေ

"ဝါဆိုဝါခေါင်ရေဖောင်ဖောင်"ဟူသော ဆိုရိုးစကားနှင့်အညီ ဤနှစ်လအတွင်း မိုးဖြိုင်ဖြိုင်ရွာ၍ တောင်သူဦးကြီးတို့ အလုပ်များသော အချိန်အခါဖြစ်သည်။ အထူးသဖြင့် ဝါခေါင်လသည် မိုးရာသီ၏အလယ် မိုးလယ်လဖြစ်၍ ထိုလတွင်ထွန်တုံးထွန်တံတို့ကို ကိုင်ကာ တောင်သူဦးကြီးတို့ အင်တိုက်အားတိုက်လယ်ယာစိုက်ပျိုးကြတော့မည်။

ဝါခေါင်လတွင် စာရေးတံလှူပွဲကျင်းပကြသည်။ ဤသည်ကိုရည်ရွယ်၍ "ရတုဝါခေါင် တိမ်တောင်ပတ်ယှက်သည့်ရက်အခါ မြတ်စွာထွတ်ထား၊ ရွှေစကားတွင်၊ ပွဲများခြိမ့်စံ၊ စာရေးတံဟု စီမံခင်းကျင်း"ဟူ၍ စာဆိုတော်ဦးယာက လူးတားစပ်ဆိုထား၏။

**ဝါခေါင်လအဓိပ္ပာယ်**

ဝါခေါင်လကို ကျောက်စာများတွင် "နံကာလ" ဟုထိုးကြသည်။ နံကာလ၏အဓိပ္ပာယ်မှာ "လယ်လုပ်ချိန်လ"ဟူ၍ဖြစ်၏။ အချို့က ဝါတွင်းသုံးလ၏အလယ်ကောင်တွင် ပါဝင်နေသဖြင့် "ဝါလယ်လ" ဟု ခေါ်ကြ၏။ ဝါခေါင်ဆိုသောဝေါဟာရတွင် "ဝါ"သည် ရဟန်းတော်များဝါဆိုဝါကပ်ခြင်းဖြစ်၍"ခေါင်"သည် အလယ်ဗဟိုဖြစ်၏။ ထို့အတွက်ကြောင့် ဝါခေါင်လသည် ဝါတွင်းသုံးလ၏ အလယ်ဗဟိုကို ဆိုလိုခြင်းဖြစ်၏။

ရာသီအလို"သိဟ်"ရာသီခေါ်၏။ သရဝဏ်ခေါ် ဓနသိဒ္ဓိနက္ခတ်နှင့်ယှဉ်၏။ ဗျိုင်းတာရာထွန်းပ၏။ ရာသီရုပ်ပုံမှာ ခြင်္သေ့ရုပ်ပုံဖြစ်၏။ ဤလတွင် ရက်ပေါင်း ၃၀ ရှိ၏။ နာရီအားဖြင့် နေ့ ၃၄ နာရီဖြစ်၏။ ညမှာ ၂၆ နာရီရှိ၏။ နေ့တာရှည်၍ ညတာတိုသောလဖြစ်၏။

ဝါခေါင်လတွင် ထန်းသီးကြွေချိန်နှင့် ရေကြီးချိန်လည်းတိုက်ဆိုင်နေ၏။ "စစ်စလီငယ်၊ ပြာပီရေကြက်၊ မောက်တင်ငှက်တို့၊ လယ်ကွက်တစ်ခို၊ ရိုးကျလျှိုက၊ လူလိုပဲကြင်..."ဟူ၍ စာဆိုဦးကြီးက စစ်စလီငှက်တို့သဘာဝကို ဖော်ကျူးထား၏။ စစ်စလီငှက်တို့သည် သစ်ပင်များပေါ်ရှိ ကျီးကန်းသိုက်ဟောင်းများကို မိမိတို့အသိုက်အဖြစ်အသုံးပြု၍ ဥကြ၏။ သားပေါက်ကြ၏။ ပျံသန်းရင်းမှ စူးရှသောအသံဖြင့် လေချွန်တတ်သောငှက်များပင်ဖြစ်၏။ စစ်စလီငှက်သည် မိုးတွင်းပျော်ငှက်ကလေးပင်ဖြစ်၏။

ဝါခေါင်လတွင် ကမ်းရေပြည့်မှုလျှံတက်၍ မိုးလေဒဏ်ကြောင့် ငါးဖမ်းမှုလည်းနည်းပါးကာ ငါးရှားပါးလှ၏။ သဘာဝဝန်းကျင်တွင် သဘာဝအတိုင်း သားပေါက်မှုကို အားထားမှုမပြုတော့ဘဲ ဆေးထိုးသားဖောက်ခြင်းဖြင့် ငါးပေါများရန်ဆောင်ရွက်လျက်ရှိ၏။ ငါးရှားသော ဝါခေါင်လတွင် အဆီဝင်းသော ရွှေဝါငါးကြင်းများကို စားသုံးနိုင်ကြ၏။

**ဂမုန်းခတ္တာ**

အထက်အညာဒေသတွင် ဝါခေါင်လ၌ မိုးခေါင်မည်ဖြစ်၏။ တစ်နိုင်ငံလုံးအနေဖြင့် ခြုံကြည့်လျှင် ဤလအခါသမယသည် မြန်မာနိုင်ငံအောက်ပိုင်းတွင် လွန်စွာမိုးသည်းသောကာလဖြစ်၏။ မိုးလှိုင်လှိုင်ရွာနေပြီဖြစ်သော ဤလရာသီတွင် မိုးရေအဖျန်းမှာ ပွင့်လာကြသော ရာသီပန်းကား ခတ္တာပန်းဖြစ်၏။ ခတ္တာပန်းသည် ဂမုန်းမျိုးတွင်ပါဝင်သောကြောင့် ယင်းကိုဂမုန်းခတ္တာဟုလည်းခေါ်၏။ လက်ဝါးခန့်ရှည်ဝန်းသောအရွက်ရှိ၍ အရွက်အနားလက်တစ်လုံးခန့်နီသည်။ ဆွေးမြည့်သောမြေနှင့် ကျောက်မြေတို့တွင်ပေါက်၍ ခတ္တာဉမှာကြက်ဥအရွယ်ခန့်ရှိ၏။ အကြောင်၊ အနီ၊ အနက်၊ အဖြူ၊ အရွှေဟူ၍ အရောင်ကိုလိုက်၍ အမျိုးမျိုးခေါ်ဆိုကြ၏။ ကိုယ်ရံကြီးနှင့်လည်းကောင်း၊ လေးကျွန်းကြာခိုင်နှင့် လည်းကောင်းတူသည်ဟုဆိုသည်။

**ဝါမဆို ဝါမကပ်သောလ**

ဝါခေါင်လ၏အဓိပ္ပာယ်ကို ဝေါဟာရလီနတ္ထဒီပနီ၌ "ထိုလကိုပင် ဝါခေါင်လခေါ်ဝေါ်သည်မှာ မိုးခေါင်သည်ဟူသော ဝေါဟာရကဲ့သို့ ရဟန်းသံဃာတော်တို့ ဝါမဆိုမကပ်၊ (ဝါခေါင်) ဝါဝေးသောလယူရန်ရှိ၏"ဟု ဖွင့်ဆိုထားပါ၏။ ဤ၌ ကျမ်းပြုဆရာလေ့သင်းအတွင်းဝန်မင်းဆိုသည်မှာ ဝါခေါင်လတွင်ခေါင်သည် ဝေးကျူးသီခေါင်၊ ကုန်းခေါင်၊ မိုးခေါင်၊ ယခေါင်တို့ကဲ့သို့ ဝေးကွာခြင်းအဓိပ္ပာယ်ရှိ၏။ သို့ဖြစ်၍ ဝါခေါင်ကား ဝါဝေးသည်ဟု ဆိုလို၏။ ဝါဝေးခြင်းဆိုသည်မှာ ရဟန်းတော်များဝါမဆိုရ၊ ဝါမကပ်ရသောလဟု ဆိုလိုခြင်းဖြစ်သည်။

နံကာလဟူသောဝေါဟာရသည် လယ်လုပ်ထွန်ယက်စိုက်ပျိုးချိန်ဟု ဆရာကြီးဦးဖိုးလတ်က ဆိုပါသည်။ ပုဂံခေတ်တွင် ဝါခေါင်လကို နံကာလဟု ခေါ်ဆိုရေးသားသည်။ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ နံကာ၏အဓိပ္ပာယ်ကိုဖွင့်ဆိုထားသည်မှာ ပါဠိဘာသာအားဖြင့် နိက္ခမနီယဟု ခေါ်၏။ နိက္ခမနီယဆိုသည်မှာ နေမင်းသည်အတွင်းခရီးမှ အပြင်ခရီးသို့ ထွက်သွားသောလဟု အဓိပ္ပာယ်ရ၏။ ယင်းနိက္ခမနီယသဒ္ဒါရွေ့လျော၍ မြန်မာဘာသာနံကာဝေါဟာရဖြစ်သည်ဟု နံကာပုဒ်၏ ရင်းမြစ်နှင့်အဓိပ္ပာယ်ကို ပြဆိုထားသည်ကိုလေ့လာရ၏။

**တောင်ပြုံးပွဲ**

ဤလတွင် စိုက်ပျိုးချိန်ဖြစ်၍ လုပ်ငန်းခွင်၌ မအားမလပ်ရှိကြ၏။ သို့ရာတွင် အထူးတလည်စည်ကားစွာ ကျင်းပမြဲဖြစ်သော တောင်ပြုံးညီနောင်နတ်ပွဲနှင့် ရတနာ့ဂူနတ်ပွဲများကျင်းပသောလ ဖြစ်သည်။ တောင်ပြုံးပွဲတော်သည် ယနေ့ခေတ်တိုင်အောင် မန္တလေးတောင်ပြုံးအရပ်၌ အလွန်စည်ကားစွာ ကျင်းပမြဲဖြစ်သောပွဲတော်ဖြစ်၏။ ယင်းပွဲတော်သည် ဝါခေါင်လ၏ စာရေးတံပွဲကဲ့သို့ တစ်မျိုးသားလုံး တစ်နိုင်ငံလုံးနှင့်ဆိုင်သောပွဲတော်မဟုတ်ပေ။ ဒေသတစ်ခု၌သာ ကျင်းပသောပွဲတော်ဖြစ်ပေသည်။

**စာရေးတံပွဲ**

ဝါခေါင်လ စာရေးတံပွဲနှင့်ပတ်သက်၍ "သက္ကရာဇ် ၆၃၀ " ပြည့်နှစ်ထိုးကျောက်စာတစ်ချပ်တွင် စောလုဝန်းဘုရားကျောက်စာသည် တစ်ချပ်အပါအဝင်ဖြစ်ပေသည်။ ၆၃၀-၆၅၂-၆၅၃ နှစ်စွဲရှိသော ထိုကျောက်စာတို့၏ ကျောဘက်မျက်နှာစာတွင် "စာရေး"ဟူသော စကားအပိုင်းအစကိုတွေ့ရသည်။"ညောင်ရေသွန်း၊ သင်ကြန်၊ စာရိယ်မပြတ် စိတ်လျှင်တည်"ရေးထိုးထားကြောင်းသိရသည်။ အဓိပ္ပာယ်မှာ မီးပုံပွဲတော်၊ သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ စာရေးတံပွဲတော်ဟူ၍ ဖြစ်လိမ့်မည်ဟု ယူဆရ၏။

**ဝါခေါင်လ၏အဓိပ္ပာယ်ကို ဝေါဟာရလီနတ္ထဒီပနီ၌ "ထိုလကိုပင် ဝါခေါင်လခေါ်ဝေါ်သည်မှာ မိုးခေါင်သည်ဟူသော ဝေါဟာရကဲ့သို့ ရဟန်းသံဃာတော်တို့ ဝါမဆို မကပ်၊ (ဝါခေါင်) ဝါဝေးသောလယူရန်ရှိ၏"ဟု ဖွင့်ဆိုထားပါ၏။ ဤ၌ ကျမ်းပြုဆရာလေ့သင်းအတွင်းဝန်မင်းဆိုသည်မှာ ဝါခေါင်လတွင်ခေါင်သည် ဝေးကျူးသီခေါင်၊ ကုန်းခေါင်၊ မိုးခေါင်၊ ယခေါင်တို့ကဲ့သို့ ဝေးကွာခြင်းအဓိပ္ပာယ်ရှိ**



ဓာတ်ပုံ-ဇော်မင်းလတ်

စာရေးတံဟူသော မြန်မာစကားလုံးသည် "စာရေးသားသော အချောင်းအတံ"ဟူ၍ အဓိပ္ပာယ်ကို ဆောင်နေကြောင်း သိသာလှ၏။ စာရေးတံမဲ၊ စာရေးတံဆွမ်း၊ စာရေးတံအလှူဟူသော ဝေါဟာရသည် ဝါခေါင်လနှင့် ခွဲခြားမရသော ဂုဏ်ဝိသေသများဖြစ်ပေ၏။

မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူသော ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် ဒကာများသည် တစ်ကျောင်းတိုက်လုံးရှိ ရဟန်း၊ သံဃာတော်မြတ်များကို ဆွမ်းလှူဒါန်းရန် အခက်အခဲရှိ၏။

သံဃာတော်များထဲမှ တစ်ပါးနှစ်ပါးသာ ရွေးကောက်၍ လှူဒါန်းလို၏။ စာရေးတံမဲချပြီး မိမိတို့စွမ်းနိုင်သမျှ လှူဒါန်းလိုကြ၏။ တချို့က ဥပုသ်နေ့တွင် ဥပုသ်သီလဆောက်တည်ကာ မိမိတို့စားသောက်ရန်ဆွမ်းများကို သံဃာတော်အချို့အား တတ်အားသရွေ့ ဆက်ကပ်လိုကြ၏။ တချို့က ဥပုသ်နေ့တွင် သံဃာတော်များ ဆွမ်းပေါများကြ၍ ဥပုသ်နေ့အပြီးနောက်တစ်နေ့တွင် ဆွမ်းရှားပါးမည်ဖြစ်သဖြင့် ဥပုသ်ပြီးသည့်ရက်တွင် ဆွမ်းလှူဒါန်းလိုသူရှိ၏။ ထိုအကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်ထားရာတွင် မြတ်စွာဘုရားက သံဃာတော်အားလုံး ဆွမ်းလှူဒါန်းခြင်း၊ တစ်ပါးနှစ်ပါးစသော ရည်ညွှန်း၍လှူဒါန်းခြင်း၊ ပင့်ဖိတ်၍လှူဒါန်းခြင်း၊ စာရေးတံမဲချ၍ လှူဒါန်းခြင်း၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူဒါန်းခြင်း၊ ဥပုသ်နေ့၌လှူဒါန်းခြင်း၊ ဥပုသ်ကျော် တစ်ရက်နေ့၌ လှူဒါန်းခြင်း စသည်တို့ကို လှူဒါန်းနိုင်ကြောင်း ခွင့်ပြုတော်မူလိုက်သည်။ ထိုသို့ဘုရားရှင်ခွင့်ပြုတော်မူချိန်မှစပြီး စာရေးတံမဲဖြင့် လှူဒါန်းရသောဆွမ်းအလှူ သလာကဘတ်(သလာက-စာရေးတံမဲ၊ သက္က=ဘတ်=ဆွမ်း)သည်ဖြစ်ပေါ်လာခဲ့၏။

**ရှေးကစာရေးတံအလှူတော်**

ဘကြီးတော်မင်းတရားလက်ထက် စာရေးတံပွဲကျင်းပပြုလုပ်ပုံကို ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီးတွင် "ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့ ဂါမဝါသီပုဂ္ဂိုလ်၊ အရညဝါသီပုဂ္ဂိုလ်၊ အရိယာသံဃာတော်အပေါင်းတို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်နှင့် စပ်သည်ကို အစုံအစေ့ဆွဲ၍ ပဒေသာပင်ရေ ၂၆၀ ကို အတွင်းတော်၌သွင်းပြီးလျှင် ဘုရင်၊မိဖုရားခေါင်ကြီးနှင့်အတူ ရေစက်သွန်းတော်မူ၍ သလာကဘတ်စာရေးတံဆွမ်းလှူတော်မူသည်" ဟူ၍ ရေးသားထား၏။

စာရေးတံဆွမ်းအလှူကို ဘုရားရှင်လက်ထက်က မည်သည့် လရာသီတွင် လှူဒါန်းရမည်ဟု သတ်မှတ်ချက် မတွေ့ရ။ သို့သော် ဘုရားအမှူးရှိသည့် ရှေးမြန်မာတို့သည် ဝါခေါင်လတွင် သံဃာတော်များတစုတရုံးတည်း သီတင်းသုံးတော်မူခြင်းဖြစ်၍ ဆွမ်းကိစ္စ အခက်အခဲဖြစ်တတ်သည်။ စာရေးတံမဲပွဲအလှူကို ဝါခေါင်လတွင် ကျင်းပခဲ့ဟန်တူ၏။

**မေတ္တသုတ်တော်ဟောကြား**

ဝါခေါင်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် မေတ္တသုတ်ဟောကြားတော်မူသည်။ မေတ္တသုတ်တော်ဖြင့် မေတ္တာပို့သကြရာတွင် အနောဓိသမေတ္တာ၊ ဩဓိသမေတ္တာ စသောပွားနည်းများဖြင့် မေတ္တာပို့သကြရမည်။

အနောဓိသမေတ္တာသည် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်သတ္တဝါ၊ မည်သည့်နေရာအရပ်ဟု မပိုင်းခြားမကန့်သတ်၊ မည်သူမည်ဝါမည်သည့်နေရာဟု အထူးမရည်ရွယ်ဘဲ အတိုင်းအရှည်အကန့်အသတ်မရှိသော မေတ္တာဖြင့် တစ်လောကလုံးရှိ သတ္တဝါအားလုံးကို အာရုံပြု၍ ပို့သခြင်းသည် အနောဓိသမေတ္တာဖြစ်၏။

ဩဓိသမေတ္တာသည် ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတည်းဖြစ်စေ၊ ပုဂ္ဂိုလ်သတ္တဝါတစ်စုကိုဖြစ်စေ၊ တစ်ခန်း၊ တစ်တိုက်၊ တစ်အိမ်၊ တစ်ရပ်ကွက်၊ တစ်ရွာ၊ တစ်မြို့စသည်ဖြင့် ပိုင်းခြားကန့်သတ်၍ အထူးရည်ညွှန်းသော အတိုင်းအရှည်အကန့်အသတ်ရှိသော မေတ္တာကိုပို့သခြင်းသည် ဩဓိသမေတ္တာဖြစ်၏။

**မေတ္တသုတ်တော်လာအဆုံးအမ**

မေတ္တာပို့ရာတွင် "ကျန်းမာပါစေ၊ ချမ်းသာပါစေ" ဟု နှုတ်ဖြင့်ရွတ်ဆို၍ မေတ္တာပို့ကြသည်။ ပျံ့လွင့်နေသောစိတ်ဖြင့် မေတ္တာပို့နေခြင်းတို့သည် မေတ္တာပို့ရာမှာ မေတ္တာပွားရာ၌ ထိရောက်မှုနည်း၏။ သတ္တဝါများအပေါ်၌ အမှန်တကယ်ချမ်းသာစေလိုလျှင် မေတ္တာစိတ်ဖြင့် အလေးအနက်ထားပြီး မေတ္တာပို့က မေတ္တာပွားများရာရောက်ပါ၏။ မေတ္တာပွားများရာတွင် ပါဝင်သော ဆင်ခြင်ဖွယ်ရာမှာ ပါဠိလိုအားဖြင့်

န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ နကိဉ္စိ ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿဒုက္ခမိစ္ဆေယျဖြစ်၏။

- တစ်ယောက်နှင့်တစ်ယောက် အမျက်ဒေါသကင်းကြပါစေ။
- တစ်ယောက်နှင့် တစ်ယောက် အထင်အမြင်သေးမှုကင်းဝေးကြပါစေ။
- တစ်ယောက်နှင့်တစ်ယောက် ဒေါသဖြင့် ချုပ်ချယ်မှုကင်းကြပါစေ။
- တစ်ယောက်နှင့်တစ်ယောက် (အချင်းချင်း)ဆင်းရဲဒုက္ခရောက်ခြင်းကိုအလိုမရှိကြပါစေလင့်

ဟူသော မေတ္တသုတ်တော်လာအဆုံးအမဖြင့် မေတ္တာပွား၊ မေတ္တာပို့ကြရမည်။ "မာထာယထာနိယံပုတ္တ မာယုသာ ဧကပုတ္တမနုရက္ခေ" တစ်ဦးတည်းသောသားအပေါ် ထားအပ်သောမိခင်၏ မေတ္တာစိတ်မျိုးဖြင့် ထားရှိပို့သရမည်။ မိခင်၏တစ်ဦးတည်းသော သားအပေါ်ထားရှိသော မေတ္တာစိတ်သည် ကြည်လင်ချမ်းမြေ့ဆုံး၊ အစွဲမြဲဆုံး၊ အခိုင်မာဆုံးသော မေတ္တာများဖြစ်ပေ၏။ သို့ပါ၍ တစ်ဦးတည်းသောသားအား မိမိအသက်ကိုပင် မငဲ့ကွက်ဘဲ စောင့်ရှောက်တတ်သည့် မေတ္တာမျိုးဖြင့် မေတ္တာထားကြရပေမည်။ ။

# ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(စ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း တင်ပြလာသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan)အား ဝန်ကြီးဌာနမှ စိစစ်တင်ပြလာမှုအပေါ် အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်မည့် ရေနံလုပ်ကွက်တည်ရှိရာဒေသတွင် ရေနံလုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ရေနံလုပ်ငန်းလုပ်ကိုင်သည့် နယ်မြေဒေသ၏ လူမှုစီးပွားအကျိုးပြုလုပ်ငန်း အစီအစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ရေနံလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၄)**

**ရေနံလုပ်ကွက်သတ်မှတ်ခြင်း**

၆။ ဝန်ကြီးဌာနသည် ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံလုပ်ငန်းလုပ်ကိုင်နိုင်သည့် ရေနံလုပ်ကွက်များကို ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်များကို သတ်မှတ်ရာတွင် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ရေနံသယံဇာတ စဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုနိုင်ရန် နိုင်ငံတော်ကသာ လုပ်ကိုင်မည့် သီးသန့်ရေနံလုပ်ကွက်များ (Reserved Blocks) ကို ထည့်သွင်းသတ်မှတ်နိုင်သည်။

၈။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၆ အရ ကုန်းတွင်းပိုင်းဒေသတွင် ရေနံလုပ်ကွက်သတ်မှတ်ကြေညာခြင်းမပြုမီ မည်သည့်နယ်မြေဒေသကို သတ်မှတ်ကြေညာရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် သတ်မှတ်ချက်များနှင့်အညီ ကြေညာရမည်။

(ခ) ရေနံလုပ်ကွက် သတ်မှတ်ကြေညာရာတွင် သက်ဆိုင်ရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် ရေနံလုပ်ကွက် နယ်နိမိတ် တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကျွမ်းကျင်သူများပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးရမည်။

(ဂ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်သတ်မှတ်လိုပါက ယင်းသို့သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လုပ်ငန်းဆောင်ရွက်လိုပါက မြေအသုံးချနိုင်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်ကိုဖြစ်စေ၊ ရေနံလုပ်ကွက်တစ်ခု၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**အခန်း(၅)**

**ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၀။ ဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံသယံဇာတအရင်းအမြစ်ဆိုင်ရာ ကောင်းမွန်သောစီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ခ) ရေနံလုပ်ငန်းဆောင်ရွက်လိုသူ အရည်အချင်းပြည့်မီသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားလာမှုများအပေါ် တင်ဒါစည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ခြင်း၊

(ဂ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက လုပ်ကိုင်သော ရေနံလုပ်ငန်းများကို လည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် ပူးပေါင်းလုပ်ကိုင်သော ရေနံလုပ်ငန်းများကိုလည်းကောင်း စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ရေနံလုပ်ငန်းဆောင်ရွက်မှုကို ချောမွေ့စေရန် လိုအပ်သော လုပ်ကိုင်ခွင့်နှင့် ရေနံလုပ်ငန်း၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးခြင်း၊

(င) ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်လျက်ရှိသည့် ရေနံလုပ်ငန်းများကို ကူညီပံ့ပိုးသည့်အနေဖြင့် လိုအပ်သော ထောက်ခံချက်များ၊ ခွင့်ပြုချက်များ စိစစ်ထုတ်ပေးခြင်း၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ သက်ဆိုင်ရာ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်အရလည်းကောင်း ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ အခွန်ဆိုင်ရာကိစ္စရပ်များအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ခွင့်ပြုမိန့်သက်တမ်းကို တိုးမြှင့်ပေးရန် သို့မဟုတ် ရပ်စဲပေးရန် လျှောက်ထားချက်ကို စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လုပ်ငန်းတွင် ၎င်းပါဝင်သည့် အစုရှယ်ယာ၊ အကျိုးခံစားခွင့်အချိုးအစား၊ တာဝန်နှင့် အခွင့်အရေး သို့မဟုတ် အကျိုးစီးပွား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ပြုလုပ်လိုကြောင်း လျှောက်ထားလာပါက တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဈ) ဤဥပဒေပါလုပ်ငန်းဆောင်ရွက်ချက်များမှ ရရှိလာသည့် သတင်းအချက်အလက်များအနက်မှ ပြည်သူလူထုသိသင့်သိထိုက်သော သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြည်သူလူထုသို့ အသိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ အခါအားလျော်စွာ ဆောင်ရွက်ခြင်း၊

(ည) ရေနံလုပ်ငန်း၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြိုတင်ကာကွယ်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ရေနံလုပ်ငန်းအတွက် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ ဥပဒေ၊ နည်းဥပဒေများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်း၊

(ဌ) ခွင့်ပြုမိန့်ရရှိသူက ရေနံကိုစီးပွားဖြစ် မည်မျှထုတ်ယူရရှိနိုင်ကြောင်း ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြလာလျှင် အများပြည်သူသို့ အသိပေးကြေညာခြင်း၊

(ဍ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ဖွံ့ဖြိုးမှုနှင့်ထုတ်လုပ်မှု အစီအစဉ်ကို စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊ ဗဟိုကော်မတီက အတည်ပြုလျှင် နိုင်ငံတော်စီမံကိန်းအနေဖြင့် စီမံဆောင်ရွက်ခြင်း၊

(ဎ) စီမံကိန်းများမှ နိုင်ငံတော်အတွက်ရရှိမည့် အခွန်အခများနှင့် ငွေရမ်းခများအတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဏ) စီမံကိန်းများတွင် နိုင်ငံသားအလုပ်သမားများနှင့် ကျွမ်းကျင်ပညာရှင်များကို ဦးစားပေးခန့်ထားခြင်းနှင့် နည်းပညာလွှဲပြောင်းခြင်းတို့အတွက် လိုအပ်သလို စီမံဆောင်ရွက်ပေးခြင်း၊

၁၁။ ဝန်ကြီးဌာန၏ရေနံလုပ်ငန်းဆိုင်ရာ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ရေနံလုပ်ငန်းနှင့်သက်ဆိုင်သည့် လိုအပ်သော အထောက်အထားများ၊ အချက်အလက်များကို တင်ပြစေခြင်း၊

(ခ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စိစစ်ခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဂ) ရေနံလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် မတည်ရင်းနှီးပစ္စည်းများ (Physical Assests) နှင့် ယင်းလုပ်ငန်းမှစုဆောင်းရရှိသော အချက်အလက်မူရင်းများ၊ ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ခန့်မှန်းတွက်ချက်မှုများ၊ မြေသား၊ ရေနံ၊ ဓာတုပစ္စည်း စသည့်နမူနာများ၊ သတင်းများနှင့် အစီရင်ခံစာများကို ပဋိညာဉ်စာချုပ်နှင့်အညီ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူထံမှ မူပိုင်ရယူပိုင်ဆိုင်ခွင့်ရှိခြင်း၊

(ဃ) ရေနံလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတည်နေရာ၊ ဆက်စပ်နေရာများနှင့် ရေနံလုပ်ကွက်အတွင်းသို့ အချိန်မရွေး ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ မှတ်တမ်းများ၊ စာရင်းစာအုပ်များကိုစစ်ဆေးခြင်း၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် မူဝါဒ၊ အရေးပေါ်ဆောင်ရွက်မည့် အစီအစဉ်များကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ မရှိ ဝင်ရောက်စစ်ဆေးခြင်း၊

(စ) ရေနံလုပ်ငန်းတွင် သတ်မှတ်ထားသော အကျိုးခံစားခွင့်အချိုးအစား၊ တာဝန်နှင့် အခွင့်အရေး၊ အကျိုးစီးပွားတို့ကို ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား လူမှုရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သော ထိခိုက်မှု လေ့လာဆန်းစစ်ခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ရေနံလုပ်ငန်းနှင့်စပ်ဆိုင်သည့် ခွင့်ပြုမိန့်အရ လုပ်ကိုင်ခွင့်ရရှိသည့် ရေနံလုပ်ငန်းကိုသော်လည်းကောင်း၊ အစုရှယ်ယာ၊ ပါဝင်သည့် အကျိုးခံစားခွင့်အချိုးအစား၊ တာဝန်နှင့် အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားကိုသော်လည်းကောင်း လွှဲပြောင်းသည့်အခါ ဦးစားပေးလွှဲပြောင်းရယူခွင့်ရှိခြင်း၊

(ဈ) ထုတ်လုပ်သည့်ရေနံအား ပြည်တွင်းသုံးလိုအပ်ချက်ပြည့်မီစေရေးအတွက် ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူထံမှ ဦးစားပေးဝယ်ယူခွင့်ရှိခြင်း၊ လိုအပ်ပါက ထပ်မံဝယ်ယူခွင့် ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ရေနံလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်သမားနှင့်ပတ်သက်သည့် လုပ်ငန်းခွင်ဆိုင်ရာ စည်းကမ်းချက်ကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဋ) ရေနံလုပ်ငန်းများဆောင်ရွက်ရာမှရရှိသော အချက်အလက်များ၊ သတင်းများကို လျှို့ဝှက်ထိန်းသိမ်းလျက် သုံးစွဲနိုင်ခွင့်ရှိခြင်း၊

(ဌ) ရေနံလုပ်ငန်းများနှင့်ဆက်စပ်သော သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် အခကြေးငွေ စည်းကြပ်နိုင်ခြင်း၊

(ဍ) ရေနံလုပ်ငန်းအား အထောက်အကူပြုသည့်လုပ်ငန်းများအတွက် လိုအပ်သည့် စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ပေးနိုင်ခြင်း၊

၁၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်များအနက်မှ ပုဒ်မ ၇ အရ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ကသာလုပ်ကိုင်ရန် သတ်မှတ်ထားသည့် ရေနံလုပ်ကွက်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအား ရေနံလုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ရန်ခွင့်ပြုနိုင်သည်။

**အခန်း (၆)**

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်**

၁၃။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် -

(က) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရေနံလုပ်ငန်းကိုလုပ်ကိုင်ရန် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် ပူးပေါင်းခြင်းမပြုဘဲ ကိုယ်တိုင်လုပ်ကိုင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ရေနံလုပ်ငန်းကို လုပ်ကိုင်ရာတွင် ဤဥပဒေအရ ခွင့်ပြုမိန့်ရယူခြင်းမှ ကင်းလွတ်ခွင့်ရရှိစေရမည်။

၁၄။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဝန်ကြီးဌာနသို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် တင်ဒါအောင်မြင်သည့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ရေနံလုပ်ငန်းကို အောက်ဖော်ပြပါ စီးပွားရေး ပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်မျိုးမျိုးဖြင့်လုပ်ကိုင်ရန် ဤဥပဒေအရ ခွင့်ပြုမိန့်ရယူ၍ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်နိုင်သည် -

**(ဆက်လက်ဖော်ပြပါမည်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲတက်ရောက်



**တောင်ကြီး ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းပြင်ပမူလတန်းပညာရေးဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာသင်ယူပြီးမြောက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ပြီးမြောက်အောင်သင်ယူခွင့်ရရှိစေနိုင်ရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ရသူများ၊ ကျောင်းနေခဲ့ရသော်လည်း မူလတန်းပညာ ပြီးဆုံးအောင်မသင်ကြားဘဲ ကျောင်းထွက်သွားသူများ၊ အသက် ၁၀ နှစ်နှင့် အသက် ၁၄ နှစ်အရွယ် ကျောင်းပညာသင်ယူခွင့်မရသေးသူများ၊ ကျောင်းနေရမည့်အရွယ်တွင် မိသားစုနှင့် မိမိကိုယ်တိုင်ဘဝအတွက် ဖြေရှင်းနေရသူများ၏ ပညာဆက်လက်သင်ယူလိုသောဆန္ဒကို ဖြည့်ဆည်းပေးရန်ရည်ရွယ်၍ ကျောင်းပြင်ပမူလတန်းပညာရေးကို ဒုတိယအခွင့်အလမ်း ပညာရေးအဖြစ် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ မိမိပတ်ဝန်းကျင်မှာရှိသည့် ကျောင်းနေအရွယ် ကျောင်းပြင်ပရောက် ကလေးငယ်များရှိပါက နီးစပ်ရာအခြေစိုက်စခန်းတွင် တက်ရောက်နိုင်ရန် ကူညီဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းက အမှာစကားပြောကြားပြီး ကျောင်းပြင်ပမူလတန်းပညာရေးကိစ္စ ဆောင်ရွက်ထားရှိမှုအခြေအနေကို ပြည်နယ်ပညာရေးမှူး ဆရာကြီး ဦးဝင်းမောင်က ရှင်းလင်းပြောကြားကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုးစိုးဇော်က ဟိုပုံး၊ ညောင်ရွှေနှင့် လွိုင်လင်မြို့နယ်တို့မှအုပ်ချုပ်ရေးမှူးများအား မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



## ရေဘေးရှောင်စခန်းများ မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

**ကျိုက်မရော ဩဂုတ် ၁၄**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံသည် ယနေ့ နံနက် ၉ နာရီက ကျိုက်မရောမြို့ ရေဘေးကယ်ဆယ်ရေးအဖွဲ့ ကွပ်ကဲမှုရုံးသို့ရောက်ရှိပြီး ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိမှုအခြေအနေ အဝင်အထွက်စာရင်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်အိတ် ၁၀၀၀၊ စားသုံးဆီ ၂၅ လီတာ ပုံး ၂၀၀၊ ပဲပိသာချိန် ၁၀၀၀၊ ငါးသေတ္တာဘူး ၅၀၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၉၀၀၀၀ တို့ကို ရေဘေးသင့်ပြည်သူများ နှစ်ပတ်စာ စားသောက်နိုင်ရန် ကွပ်ကဲရေးရုံးတာဝန်ရှိသူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

## မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်မှုများ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**မကွေး ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် မကွေးတိုင်းဒေသကြီးစီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့်အတူ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေးအတွက် တည်ဆောက်ထားရှိသော ရေမြောင်း၊ တံတားလုပ်ငန်းများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် ဆက်လက်ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် မကွေးမြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**

## အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ ဗိဿနိုးမြို့ဟောင်းသို့ သွားရောက်လေ့လာ

**မန္တလေး ဩဂုတ် ၁၄**

အခြေခံပညာအဆင့်ကျောင်းသား ကျောင်းသူများအား စနစ်သစ်ပညာရေးတွင် ပြဋ္ဌာန်းထားသည့် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို စာတွေ့လက်တွေ့ ပေါင်းစပ်သင်ယူနိုင်စေရန်အတွက် သင်ကြားသင်ယူမှု ခရီးသွားအစီအစဉ် (Study Tour Programe) ဖြင့် မကွေးတိုင်းဒေသကြီး ပျူခေတ်ယဉ်ကျေးမှုအမွေအနှစ်များထွန်းကားရာ ဗိဿနိုးမြို့ဟောင်းသို့ သွားရောက်လေ့လာမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် သင်ရိုးညွှန်းတမ်းသစ်ဖြင့် ပြောင်းလဲသင်ကြားသည့် အခြေခံပညာ အလယ်တန်းအဆင့် Grade-6 တွင် ပါဝင်သော သမိုင်းဘာသာရပ်ဆိုင်ရာ ရှေးဟောင်းဒေသများအား စာတွေ့သာမက လက်တွေ့ပြသ၍ ပူးပေါင်းစပ်သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ အဆိုပါ Study Tour Programe အစီအစဉ်ကို မကွေးတက္ကသိုလ် သမိုင်းဌာန၏ ဦးဆောင်ကူညီမှုဖြင့် မကွေးမြို့ရှိ ကံ့ကော်မြေကိုယ်ပိုင်အထက်တန်းကျောင်းမှ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၇ ဦးတို့နှင့်အတူ မကွေးတိုင်းဒေသကြီးအခြေစိုက် My Apex Travel & Tour ခရီးသွားကုမ္ပဏီတို့လိုက်ပါလျက် ဩဂုတ် ၁၁ ရက်က သွားရောက်လေ့လာခဲ့ခြင်းဖြစ်သည်။

“ကျွန်မတို့ဌာနအနေနဲ့ ခရီးသွားကဏ္ဍဖွံ့ဖြိုးပြီး စနစ်သစ်သင်ရိုးညွှန်းတမ်းနဲ့ သင်ကြားနေတဲ့ ပညာရေးကဏ္ဍကိုလည်း အားဖြည့်ကူညီရာရောက်အောင် ဒီအစီအစဉ်ကို ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ဒီကိုမလာခင် ကျောင်းမှာ စာတွေ့အနေနဲ့ ရှေးခေတ်ပျူမြို့ဟောင်းတွေအကြောင်းကို powerpoint နဲ့အရင်ဆုံး ရှင်းပြထားပြီးမှ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်ကို လာရောက်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့ ကိုက်ညီခဲ့တဲ့ စံသတ်မှတ်ချက်တွေကို ရှင်းပြတယ်။ ပြတိုက်ထဲမှာရှိတဲ့ ပျူခေတ်ယဉ်ကျေးမှုဓလေ့နဲ့ အသုံးအဆောင်ပစ္စည်းတွေအကြောင်းကို ရှင်းပြတယ်။ ရှေးခေတ်ဗိသုကာလက်ရာ အဆောက်အအုံပုံစံတွေကို ပြသရှင်းလင်းပြောကြားပေးပါတယ်။ ဒီခရီးစဉ်ပြီးဆုံးသွားရင် သူတို့ရဲ့ အတွေ့အကြုံတွေကိုသိရှိဖို့ မေးမြန်းမှုတွေ လုပ်သွားမှာပါ။ အခြားကျောင်းတွေကလည်း ဒီလိုခရီးစဉ်တွေ သွားရောက်လေ့လာဖို့ ချိတ်ဆက်ဆောင်ရွက်သွားမှာပါ”ဟု မကွေးတက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်က ပြောသည်။

အဆိုပါ လေ့လာရေးခရီးစဉ် တွင် လိုက်ပါလာသည့် ကံ့ကော်မြေ ကိုယ်ပိုင်အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မအိန္ဒြေဇော်က “ကျောင်းမှာ စာတွေ့သင်ကြားရတဲ့အပိုင်းမှာ နားလည်မှုမရှိခဲ့တာတွေကို ခုလက်တွေ့ကိုယ်တိုင်လာပြီး လေ့လာခွင့် ရတဲ့အတွက်အလွတ်ကျက်မှတ်စရာမလိုဘဲ သိရှိခွင့်ရခဲ့ပါတယ်။ ရှေးခေတ်က ယဉ်ကျေးမှုဓလေ့ ထုံးစံတွေနဲ့ ရိုးရာအသုံးအဆောင်ပစ္စည်းတွေကို တွေ့မြင်သိရှိခွင့်ရတဲ့အတွက်လည်း ရှေးဟောင်းအမွေအနှစ်တွေကို တန်ဖိုးထားလေ့လာချင်စိတ်တွေ ပိုပြီးဖြစ်ပေါ်မိပါတယ် ” ဟု ပြောကြားသည်။



မကွေးတိုင်းဒေသကြီးအတွင်း၌ အဆိုပါ ပျူခေတ်ယဉ်ကျေးမှုထွန်းကားရာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းဒေသအပြင် ခရီးစဉ်ဒေသသစ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပုဂံခေတ်လက်ရာ စေတီပုထိုးများ၊ နံရံဆေးရေးပန်းချီများ၊ ကျောက်စာများတည်ရှိရာ မြင်ကွန်းဒေသသို့လည်း သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်တက္ကသိုလ်၌ ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**
ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်းဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များ၌ ကျန်းမာရေးပညာပေးဟောပြောသည့် အစီအစဉ်ကို ဩဂုတ် ၁၄ ရက်က ရန်ကုန်တက္ကသိုလ်၌ ကျင်းပသည်။

ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဉမ္မာကျော်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာသော လူနေထိုင်မှုဘဝပုံစံခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာရဲမြ (မြန်မာနိုင်ငံဆရာဝန်အသင်းဉက္ကဋ္ဌ)ကလည်းကောင်း၊ ကျန်းမာပျော်ရွှင်ဘဝသံစဉ်ခေါင်းစဉ်ဖြင့် ဒေါက်တာနေဝင်း (အတိုင်ပင်ခံဆရာဝန်ကြီး UNDP-ငြိမ်း) ကလည်းကောင်း ကျန်းမာရေးပညာပေး ဟောပြောကြသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တက္ကသိုလ် ၁၄ ခုရှိပါတယ်။ မြန်မာနိုင်ငံဆရာဝန်အသင်းက ခြောက်ခု ဟောပြောမယ်။ ကျန်တဲ့ကျောင်းတွေကို ရင်ခွင်မဲ့လျှော့ချရေးအဖွဲ့ကနေပြီးတော့ ဟောပြောသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မကူးစက်နိုင်တဲ့ ရောဂါတွေ တော်တော်များလာတယ်။ ဒီရောဂါအခြေအနေတွေကို ငယ်ငယ်ကတည်းက စပြီးတော့ သင်ပေးရမှာပါ။ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေကို အသိပညာပေးချင်ပါတယ်။ နောက်တစ်ခုက မျိုးဆက်ပွားကျန်းမာရေးဒါနဲ့ပတ်သက်ပြီးတော့လည်း ဟောပြောသွားမှာပါ။ အဓိကကတော့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေကို ကျန်းမာရေးဗဟုသုတ အတွေ့အကြုံတွေ ပိုပြီးတော့ ရစေချင်တဲ့ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာပါ" ဟု မြန်မာနိုင်ငံဆရာဝန်အသင်းမှ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအတွင်းရေးမှူး ဒေါက်တာဝင်းဇော်က ပြောသည်။

"လူငယ်တွေအနေနဲ့ သိသင့်သိထိုက်တဲ့ မျိုးဆက်ပွားကျန်းမာရေး၊ ကိုယ့်ရဲ့ဘဝကို ဘယ်လိုတည်ဆောက်မှာလဲ၊ ဘဝတန်ဖိုးတွေဘယ်လိုထားမှာလဲ၊ ရည်ရွယ်ချက်ဘယ်လိုချမလဲ၊ ပတ်ဝန်းကျင်နဲ့ ဘယ်လိုဆက်ဆံမလဲ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုကျန်းမာအောင်နေမလဲ၊ ခေတ်စနစ်နဲ့အညီ လူ့အခွင့်အရေးညီမျှအောင် ဘာလုပ်မှာလဲ၊ ကျားမညီမျှမှုကဘာလဲ၊ ဒါတွေကသိဖို့ အရေးကြီးပါတယ်။ မူးယစ်ဆေးဝါး၊ အရက်၊ အကြမ်းဖက်မှု ဒါတွေလည်း ကာကွယ်ရမှာ ဖြစ်ပါတယ်။ သိဖို့နဲ့ကာကွယ်ဖို့တွေ လိုအပ်ပါတယ်။ သိပြီးရင် ဆင်ခြင်တုံတရားရှိဖို့လိုတယ်။ ဝေဖန်ပိုင်းခြားနိုင်ရမယ်။ ရွေးချယ်ဆုံးဖြတ်နိုင်တယ်ဆိုရင်တော့ ကောင်းတဲ့ဘက်ကိုရောက်မှာပါ။ အသိပညာနဲ့အတူ စဉ်းစားဆင်ခြင်နိုင်စွမ်းကိုပါ ပေးရမှာဖြစ်ပါတယ်" ဟု ဒေါက်တာနေဝင်းက ပြောသည်။



ဟောပြောပွဲသို့ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ အများအပြားတက်ရောက်ကြသည်။

ထို့အတူ ဩဂုတ် ၁၆ ရက်တွင် ပညာရေးတက္ကသိုလ်၌လည်းကောင်း၊ ဩဂုတ် ၂၀ ရက်တွင် နိုင်ငံခြားဘာသာတက္ကသိုလ်၌လည်းကောင်း၊ ဩဂုတ် ၂၂ ရက်တွင် စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ၌လည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် နည်းပညာတက္ကသိုလ်(သန်လျင်)၌လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် အနောက်ပိုင်းတက္ကသိုလ်(ထန်းတပင်)၌လည်းကောင်း ကျန်းမာရေးပညာပေးဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်သည်။

**အေးမင်းသူ**

# ၂၀၁၈ ခုနှစ်အတွင်း အကောင်းဆုံးရိုးရာလက်ဝှေ့သမားဆုပေးအပ်

**ရန်ကုန် ဩဂုတ် ၁၄**
ရိုးရာလက်ဝှေ့ပျံ့နှံ့ရေးအသင်း (ဧရာဝတီ)မှ ပေးအပ်သည့် ၂၀၁၈ ခုနှစ်အတွင်း အကောင်းဆုံးရိုးရာလက်ဝှေ့အားကစားသမားဆုပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူ လက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

"ချီးမြှင့်ဂုဏ်ပြုထိုက်သူကို ကျွန်တော်တို့ ချီးမြှင့်ဂုဏ်ပြုတာပါပဲ၊ ဒီလိုချီးမြှင့်ဂုဏ်ပြုတဲ့အတွက်ကြောင့် နောက်ထပ်မျိုးဆက်သစ်လက်ဝှေ့သမားတွေလည်း လေးစားအားကျအတုယူလာပြီးတော့ တွန်းအားလေးတစ်ခုလည်းဖြစ်ချင်တာပေါ့နော်၊ အဲ့ဒီရည်ရွယ်ချက်လေးတွေနဲ့လုပ်တာပါ"ဟု ရိုးရာလက်ဝှေ့ပျံ့နှံ့ရေးအသင်း (ဧရာဝတီ) မှ ဥက္ကဋ္ဌ ဦးငြိမ်းချမ်းကိုက ပြောသည်။



အဆိုပါဆုချီးမြှင့်ပွဲတွင် အလဲထိုးဆုကို စိုးလင်းဦးကလည်းကောင်း၊ အတိုးတက်ဆုံးလက်ဝှေ့သမားဆုကို စောထူးအောင်ကလည်းကောင်း၊ အတိုးတက်ဆုံးကလပ်ဆုကို ရွှေဘားလား ဘားအံ (ယခုအဲ့ကညော အမည်ပြောင်းထား)နှင့် အအောင်မြင်ဆုံးလက်ဝှေ့သမားဆုကို ရဲသွေးနီကလည်းကောင်း ရရှိခဲ့ပြီး ဆုကြေးများအနေဖြင့် တစ်ဦးလျှင်ဒိုင်းဆုတစ်ဆုနှင့် ငွေကျပ်သုံးသိန်းချီးမြှင့်ကြောင်း သိရသည်။

"ရည်မှန်းချက်ပန်းတိုင်မရောက်မချင်း ကြိုးစားသွားမှာပါ။ ကျွန်တော့်ကိုအားပေးတဲ့ပရိသတ်ကို ကျေးဇူးတင်ပါတယ်"ဟု ရဲသွေးနီက ပြောသည်။

ဦးငြိမ်းချမ်းကိုက "စိုးလင်းဦးက အလဲထိုးခုနစ်ပွဲရှိခဲ့လို့ပေးတာပါ၊ ထူးခြားချက်အနေနဲ့ အဲ့ဒီခုနစ်ပွဲလုံးက နိုင်ငံခြားသားတွေချည်းပဲ၊ ထိုင်းက နာမည်ကြီးလက်ဝှေ့ကစားသမားတွေဖြစ်တဲ့ အီကျူစံနဲ့ ပါဝိတို့ကိုလည်း အလဲထိုးနိုင်ခဲ့တယ်။ ရဲသွေးနီကလည်း ခြောက်ပွဲအလဲထိုးနိုင်ခဲ့တယ်၊ အအောင်မြင်ဆုံးလက်ဝှေ့ကစားသမားဆုအဖြစ်ပေးအပ်တဲ့ အဓိကအကြောင်းကတော့ သူက ခါးပတ်အများဆုံးရထားတယ်၊ သူ့မှာ ခါးပတ်ခြောက်ခုတိတိရှိတယ်၊ စောထူးအောင်က အသက်နှစ်ဆယ်အောက် လက်ဝှေ့ကစားသမားတွေထဲမှာ လေးပွဲနိုင်၊ လေးပွဲသရေရလဒ်အပြင် WLC ခါးပတ်လည်းရတဲ့အတွက် အတိုးတက်ဆုံးလက်ဝှေ့သမားဆုပေးတာပါ၊ ရွှေဘားလားကလပ်ကိုပေးတဲ့ အတိုးတက်ဆုံးကလပ်ဆုက အချိန်တိုအတွင်းမှာ အောင်မြင်ပြီး ခါးပတ်နှစ်ခုရရှိတဲ့အတွက်ပေးတာပါ"ဟု ရှင်းပြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇာနည်မောင်**

# စွမ်းအားမြင့် မီးဖို ၂၃၀၀၀ ကျော် ရေတာရှည်မြို့နယ်တွင် ဖြန့်ဖြူးပေးမည်

**ရေတာရှည် ဩဂုတ် ၁၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း လျှပ်စစ်မီးမရသည့် ကျေးရွာများတွင် စွမ်းအားမြင့်မီးဖိုပေါင်း ၂၃၇၂၅ လုံးပေးအပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ကျေးလက်ဒေသများတွင်လောင်စာထင်းသုံးစွဲမှု လျှော့ချလာနိုင်ခြင်း၊ သစ်တောပြုန်းတီးမှုကိုကာကွယ်နိုင်ခြင်း၊ မြန်မာနိုင်ငံအတွက် Carbon Credit များရရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပြီး စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးပညာပေးလုပ်ငန်းများအတွက်လိုအပ်သည့်အထောက်အပံ့များ ရရှိနိုင်ခြင်းဖြင့် နည်းပညာဖြန့်ဖြူးပညာပေးသည့် လုပ်ငန်းများ ယခုထက် ပိုမိုဆောင်ရွက်နိုင်ခြင်း အစရှိသည်တို့ကို ရရှိနိုင်မည်ဖြစ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဖုန်းကျော်က "မီးဖိုတွေကို စက်တင်ဘာလမှာ ဖြန့်ဖြူးပေးမှာဖြစ်ပြီး လျှပ်စစ်မီးမရရှိနိုင်သေးတဲ့ ကျေးရွာအုပ်စု ၄၀၊ ကျေးရွာခွဲပေါင်း ၂၀၉ ရွာ၊ အိမ်ထောင်စုပေါင်း ၂၃၇၂၅ စုအတွက် တစ်အိမ်ကို တစ်လုံးနှုန်း ဖြန့်ဖြူးမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**ကန့်ဘလူ ဩဂုတ် ၁၄**
ကန့်ဘလူမြို့နယ် မလယ်နယ်မြေရဲစခန်းမှူး ရဲအုပ်ကြည်စိုးသန့်သည် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက ချောင်းရှည်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းညွန့်၏နေအိမ်တွင် ပြည်သူများအား မူးယစ်ဆေးဝါး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

# ငွေဆောင်မြို့ ဖုန်းမောင်ကြိုင်ကမ်းခြေတွင် မာလိန်ခရုများ များပြားစွာတက်ရောက်

**ငွေဆောင် ဩဂုတ် ၁၄**
ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ဖုန်းမောင်ကြိုင်ကျေးရွာ အနောက်ဘက်ကမ်းခြေတွင် မာလိန်ခရုများ များပြားစွာ ကမ်းတက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မာလိန်ခရုများမှာ ဩဂုတ် ၅ ရက်မှစတင်၍ ယခုလိုအများအပြားတက်ရောက်လျက်ရှိပြီး တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားစွာ ကမ်းတက်လျက်ရှိကြောင်း၊ ယင်းခရုများကို ဒေသခံရွာသားများအပြင် ငွေဆောင်ဘက်မှလည်း လာရောက်ကောက်ယူ စားသုံးကြကြောင်း၊ ထိုသို့ကောက်ယူရာတွင် တစ်ဦးလျှင်တစ်တင်း၊ တစ်တင်းခွဲမျှ ရရှိကြကြောင်း သိရသည်။

"လွန်ခဲ့တဲ့နှစ် ၃၀ ခန့်တုန်းကလည်း အခုလို မာလိန်ခရုတွေ အများကြီးကမ်းတက်ဖူးတယ်" ဟု ဒေသခံသက်ကြီး ရွယ်အိုတစ်ဦးက ပြောကြားသည်။

မာလိန်ခရုများမှာ ပင်လယ်ရေအောက် ကျောက်ချိုင့်များတွင် နေထိုင်ပေါက်ပွားသည့်ခရုတစ်မျိုးဖြစ်ပြီး နှစ်စဉ်မိုးရာသီတွင် ကမ်းတက်လေ့ရှိကြောင်း၊ မာလိန်ခရုများကို အမှတ်(၄)ရပ်ကွက်၊ ရှောက်ချောင်းကမ်းခြေတွင် တွေ့ရှိရပြီး ဖုန်းမောင်ကြိုင်ကမ်းခြေတွင်လည်း အများဆုံးတွေ့ရှိရကြောင်း သိရသည်။

**နှင်းဝေဦး (ငွေဆောင်)**



# မန္တလေး၌ ကျင်းပသည့် လေးနိုင်ငံ ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးနိမ့်

**မန္တလေး ဩဂုတ် ၁၄**

ဥရောပဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် လေးနိုင်ငံ ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

**အင်ဒိုနီးရှား ယူ-၁၆ အသင်း - နှစ်ဂိုး**
**မြန်မာ ယူ-၁၆ အသင်း - ဂိုးမရှိ**

မြန်မာ ယူ-၁၆ အသင်းသည် ရလဒ်ကောင်းရရန် အကောင်းဆုံးကြိုးစားခဲ့သော်လည်း အဖွင့်ပွဲရလဒ်မကောင်းဘဲ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ အင်ဒိုနီးရှားအသင်းသည် မြန်မာအသင်းထက် ကစားပုံပိုကောင်းခဲ့ပြီး အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်ချိန် တစ်ပတ်သာရသေးသည့် နည်းပြချုပ်သစ် ဦးမင်းသူသည် လိုအပ်ချက်များပြားနေသည့် မြန်မာ ယူ-၁၆ အသင်းကို အပြောင်းအလဲမလုပ်နိုင်သေးဘဲ ယခင်ဖွဲ့စည်းထားသည့်အသင်းအပေါ် အခြေခံကာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းအနေဖြင့် အင်ဒိုနီးရှားအသင်းကို ၁၀ ရက်အတွင်း ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ယခင်နည်းပြဟောင်း တော်စတန်ဖရန့်ခ်လက်ထက် အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် ငါးဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ရှုံးကြွေးကို ပြန်မဆပ်နိုင်သော်လည်း ယခင်ပွဲထက် ပိုကောင်းအောင် ကစားနိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် ယခုပွဲတွင်လည်း ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၂၉ မိနစ်တွင် ဒီဝါရီ၊ ၅၉ မိနစ်တွင် အာမက်တို့က သွင်းယူခဲ့သည်။

ပထမပွဲတွင် တောင်ကိုရီးယားအသင်းက မွန်တီနီဂရိုးအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ တောင်ကိုရီးယားအသင်းသည် ပွဲချိန်ပြည့် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားအသင်းအတွက် ဂိုးများကို ချန်ဟာမင်က ၂၃၊ ၃၄၊ ၄၈ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးကို ၇၇ မိနစ်တွင် လီဆူမင်က သွင်းယူခဲ့သည်။

အုပ်စုဒုတိယနေ့ကို ဩဂုတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် အင်ဒိုနီးရှားနှင့် မွန်တီနီဂရိုး၊ ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**



အင်ဒိုနီးရှားအသင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မြန်မာဂိုးသမား အောင်ကျော်ဖြိုး ကာကွယ်နေစဉ်။

# နယ်သာလန်ကွင်းလယ်ကစားသမား စနိုက်ဒါ ကစားသမားဘဝမှ အနားယူပြီ

ရီးယဲလ်မက်ဒရစ်အသင်း၊ အင်တာမီလန်အသင်းနဲ့ နယ်သာလန်အသင်းတို့ရဲ့ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ စနိုက်ဒါဟာ ကစားသမားဘဝကို ၁၇ နှစ် ကြာဖြတ်သန်းခဲ့ပြီးတဲ့နောက်မှာ ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား စနိုက်ဒါဟာ နယ်သာလန်အသင်းနဲ့အတူ ၁၃၄ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ နယ်သာလန်အသင်းကို ဗိုလ်လုပွဲတက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့တဲ့ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်ပဲဖြစ်ပါတယ်။

စနိုက်ဒါဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ စပိန်လာလီဂါဖလားကို ရယူနိုင်ခဲ့သလို အင်တာမီလန်အသင်းမှာ ကစားခဲ့စဉ်ကလည်း ၂၀၀၉-၂၀၁၀ ဘောလုံးရာသီမှာ အင်တာမီလန်အသင်းအတွက် အီတလီစီးရီးအေဖလား၊ ချန်ပီယံလိဂ်ဖလားနဲ့ ကိုပါအီတာလီယာဖလား စတဲ့ဖလားသုံးလုံးကို တစ်ရာသီအတွင်း ဆွတ်ခူးပေးနိုင်ခဲ့တာပဲဖြစ်ပါတယ်။

စနိုက်ဒါဟာ ၂၀၀၇ ခုနှစ်မှာ ရီးယဲလ်မက်ဒရစ်အသင်းဆီကို ပေါင်းရွှေ့ကြေး ပေါင် ၂၃ သန်းနဲ့ ရောက်ရှိလာခဲ့တာဖြစ်ပြီး ဘာနေဗျူးကို စရောက်ရောက်ချင်းမှာပဲ စပိန်လာလီဂါဖလားကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

တောင်အာဖရိကမှာ ကျင်းပခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နယ်သာလန်အသင်း ဒုတိယနေရာရရှိခဲ့သလို ကွင်းလယ်ကစားသမား စနိုက်ဒါလည်း ပြိုင်ပွဲရဲ့ဒုတိယအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့တာဖြစ်ပါတယ်။



**ငွေကြယ် - ရေးသားသည်**

# ခရိုအေးရှားတောင်ပံကစားသမား ပါရီဆစ်အား ဘိုင်ယန်မြူးနစ်အသင်းခေါ်ယူ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းမှ ခရိုအေးရှားတောင်ပံကစားသမား ပါရီဆစ်အား တစ်ရာသီအငှားစာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ အင်တာမီလန်အသင်းတို့အကြား ချုပ်ဆိုထားတဲ့စာချုပ်အရ တစ်ရာသီအငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ တောင်ပံကစားသမား ပါရီဆစ်ကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူနိုင်မယ့်အခွင့်အရေးလည်း ဘိုင်ယန်မြူးနစ်အသင်းက ရရှိမှာဖြစ်ပါတယ်။

တောင်ပံကစားသမား ပါရီဆစ်အနေနဲ့ မန်ယူအသင်းဆီကို ပြောင်းရွှေ့ဖို့ချိတ်ဆက်မှုတွေ ပြုလုပ်နေစဉ် ဇန်နဝါရီလကတည်းက အာဆင်နယ်အသင်းဟာ ပါရီဆစ်ကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပေမယ့် လက်ရှိမှာတော့ ပါရီဆစ်ကို ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

အသက် ၃၀ အရွယ်ရှိ တောင်ပံကစားသမား ပါရီဆစ်ဟာ ဘွန်ဒက်လီဂါကလပ်အသင်းတွေဖြစ်တဲ့ ဒေါ့မွန်အသင်း၊ ဝုလ်ဖ်စဗက်အသင်းတို့မှာလည်း ကစားခဲ့သူဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာ အင်တာမီလန်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ပါရီဆစ်ဟာ ရုရှားနိုင်ငံမှာကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားမှာ ခရိုအေးရှားအသင်းကို နောက်ဆုံးဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပြီး ဗိုလ်လုပွဲမှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ဒုတိယနေရာနဲ့သာ ခရိုအေးရှားအသင်း ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းကို ရောက်ရှိလာချိန်မှာတော့ ပါရီဆစ်က 'ဂျာမနီမြေမှာ ပြန်လည်ခြေချခွင့်ရလို့ ဝမ်းသာပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဥရောပရဲ့အင်အားအကြီးဆုံးအသင်းတွေထဲက တစ်သင်းအပါအဝင်ပါပဲ' လို့ ပြောခဲ့ပါတယ်။

## အနုပညာ

# ကန်ဒန်နီရယ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း ပြောကြားခဲ့ပြီးနောက် ပထမဆုံးအကြိမ် အခမ်းအနားတက်ရောက်လာတဲ့ ဂျီဟို

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " TWICE " ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီဟိုဟာ ယခုလအစပိုင်းက အခြားသော ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ကန်ဒန်နီရယ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလို တရားဝင်အသိပေးခဲ့ပြီးနောက်မှာတော့ ဂျီဟိုဟာ အဆိုးမြင်တဲ့ဝေဖန်မှုတွေနဲ့လည်း ရင်ဆိုင်ခဲ့ရပါတယ်။ လတ်တလောမှာ သူဟာ အခမ်းအနားတစ်ခုကို တက်ရောက်ကာ မီဒီယာတွေနဲ့လည်း အင်တာဗျူးဖြေကြားခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။



ဩဂုတ် ၁၃ ရက်က ရှီလာဟိုတယ်မှာ ပြုလုပ်ခဲ့တဲ့ အခမ်းအနားတစ်ခုကို ဂျီဟိုဟာ အခြားသော အဖွဲ့ဝင်နှစ်ဦးနဲ့အတူ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါဟာ ဂျီဟိုအတွက် ချစ်သူရနေပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ပထမဆုံးအကြိမ် အများရှေ့ပေါ်ထွက်ခဲ့တာလည်း ဖြစ်ပါတယ်။

ကန်ဒန်နီရယ်နဲ့ ချစ်သူတွေ ဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်ခဲ့တာ ကြောင့် အများရဲ့အာရုံစိုက်မှုကို ပိုမိုခံရတဲ့ ဂျီဟိုဟာ အခမ်းအနားကိုတော့ ယုံကြည်မှု ရှိရှိနဲ့ တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ယခင်ကထက်လည်း ပိုမိုလှပနေတာကိုလည်း တွေ့ရပါတယ်။

# တေလာဆွစ်ရဲ့တေးသီချင်းသစ် ထုတ်လွှင့်မယ့်ရက် ကြေညာ

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ဆုပေးပွဲတစ်ခုဖြစ်တဲ့ " 2019 Teen Choice Awards " မှာ ယခုနှစ်အတွက် " Icon Award" ကို လက်ခံရရှိခဲ့ပါတယ်။ တေလာဆွစ်ဟာ ထူးချွန်ဆုရရှိခဲ့ပြီးနောက်မှာ



သူ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ကို စတင်ထုတ်လွှင့်ပေးမယ့်ရက်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

" 2019 Teen Choice Awards " ကို ဩဂုတ် ၁၁ ရက်မှာ ပြုလုပ်ခဲ့တာဖြစ်ပြီး ယခုနှစ်ရဲ့ ဆုပေးပွဲမှာ တေလာဆွစ်က သူ့အတွက်ပထမဆုံးသော "Icon Award" ကို လက်ခံရယူခဲ့တာဖြစ်ပါတယ်။ ဒီဆုကို တေလာဆွစ်ရဲ့ရင်းနှီးတဲ့ သူငယ်ချင်းဖြစ်သူ အဲလက်ဇ်မော်ဂန်က ချီးမြှင့်ပေးအပ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

တေလာဆွစ်ဟာ ထူးချွန်ဆုကို လက်ခံရယူအပြီးမှာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် " Lover " မှာ ပါဝင်သွားမယ့်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ " Lover " ကို လာမယ့် ဩဂုတ် ၁၆ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် " Lover " ကိုတော့ လာမယ့် ဩဂုတ် ၂၃ ရက်မှာ စတင်ထုတ်လွှင့်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

Reg : 219/99

အောင်သမာဓိက ဝယ်ယူအားပေးသူတိုင်းအတွက်

ဒုတိယအကြိမ်မြောက်

# ရွှေ(၁)ပိဿာ

နှင့် ရွှေလက်စွပ်အကွင်း(၆၀)

ရွှေဈေးခိုဝမ်းရှင်

ရန်ကုန် 09-954389922, 09-954374488

မန္တလေး 02-4071744

ကံစမ်းမဲဖွင့်ရက် - ၁၁.၁၁.၂၀၁၉

ကံစမ်းမဲဖွင့်ရန် (၃)လသာ လိုပါတော့သည်။

မန္တလေး
- ၈၉ လမ်း၊ ၂၁×၂၂ လမ်း၊ မန္တလေးမြို့၊ ၀၂-၄၀၃၉၇၃၀
- ၈၄ လမ်း၊ ၂၉ × ၃၀ လမ်း၊ မန္တလေးမြို့၊ ၀၂-၄၀၆၆၇၈၅
- ၈၄ လမ်း၊ ၃၀ × ၃၂ လမ်း၊ မန္တလေးမြို့၊ ၀၂-၄၀၃၀၇၈၄
- ၂၂ လမ်း၊ ၈၈×၈၉ လမ်း၊ မန္တလေးမြို့၊ ၀၉-၉၁၀၀၇၅၃၅

ရန်ကုန်
- အမှတ်(၅၅)၊ ၂၉ လမ်း(အောက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၁-၃၈၉၉၂၂
- အမှတ်(၈၀)၊ ရွှေဘုံသာလမ်း(အောက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၃၇၅၈၀၉

**IGCSE** Cambridge Edexcel (all subjects)

သင်ယူလိုသော ဘာသာရပ်ကို ဝါရင့်/အငြိမ်းစားတက္ကသိုလ် ဆရာ၊ ဆရာမများမှ နေအိမ်သို့ လာရောက်သင်ကြားပေးပါသည်။

Primary 4, 5, 6 နှင့် Secondary 1, 2, 3 အတန်းများလည်း ဆက်သွယ်သင်ယူနိုင်ပါသည်။

ဆရာ ဦးလှမြင့်ဦး (ပိုင်စေ) 09 443177816, 09 795888783

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Ayar Yangtze Mekong Co., Ltd ၏ ထုတ်ကုန်/သွင်းကုန်လုပ်ငန်းရှင်လက်မှတ် အမှတ်-42239(24-10-16) မှာ ခရီးထွက်ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၆၆၆၄၆၀**

## မိဘအမည်မှန်

ကျိုက်ထိုမြို့ ပက္ကလိပ်ကျေးရွာ အထက ရွှေသြဥ နဝမတန်း(B)တွင် ပညာသင်ကြားနေသော မဇွန်ဝတီဖြိုး၏ မိဘများအမည်မှန်မှာ ဦးကျော်စွာဝင်း-ဒေါ်ဇာနည်အောင် ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မနန္ဒာဖြိုး [၁၀/မဒန(နိုင်)၂၂၆၇၇၈]၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၆၀၇၁၃၁၃**

## Notice for Final Closure of Halla Corporation (Myanmar Representative Office) (Under Voluntary Winding up)

Notice is hereby given that Halla Corporation (Myanmar Representative Office) has commenced the liquidation effective as of March 31, 2019 and has carried out the liquidation process. Now, the winding up of Halla Corporation (Myanmar Representative Office) is complete effective as of August 15, 2019.

**Daw Than Than(Liquidator)**
**[BA(Law), LL.B] (Advocate-1342)**
**No.408, Ba Nyar Da La Road,Byaing Yae Oe Sin Kwat Thit,**
**Tamwe Tsp, Yangon.**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊ တိုက်အမှတ် (၁၁၁)၊ (၁)ခန်းတည်း RC(၆) ထပ်တိုက်၏ (၄)လွှာအခန်း၊ ဇရိယာ (၉၀၃) စတုရန်းပေ၊ နှစ်(၆၀)မြေငှားဂရန်မြေပေါ်ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ROYAL AMM CONSTRUCTION & DECORATION GROUP CO.,LTD ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးသီဟလှိုင်(ခ)သန်းစိန်ထွန်း [၇/ပခန(နိုင်)၂၂၄၀၁၆]၊ ဒေါ်စန္ဒာ [၇/ပခန(နိုင်)၂၅၆၉၀၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသီဟလှိုင်(ခ)သန်းစိန်ထွန်း၊ ဒေါ်စန္ဒာတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ**

| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
|---|---|---|
| LL.B,WIPO(Switzerland) | LL.B,D.B.L,D.I.L, WIPO(Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၄) | အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅) |
| Ph: 01-246869, 09-450023651 | Ph:09-254508917 | Ph:09-421157856 |

**Level(5, 6, 7, 8)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၁၅၄)ဟု ခေါ်တွင်သည့် (၅)ထပ်တိုက်အဆောက်အအုံရှိ အကျယ်အဝန်း(၁၁½' × ၄၇')ရှိသော အခန်းအမှတ် (ဘီ-၂)၊ (၂)လွှာ၊ ပထမထပ်(ယာ)၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမိုးဝင်းစိုး [၁၂/ဥကတ(နိုင်)၁၅၁၅၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဟိန်းဝေစိုး (LL.B) | ဦးခန့်ဇော်လတ် (LL.B) |
|---|---|
| အထက်တန်းရှေ့နေ (စဉ်-၄၉၂၆၆) | အထက်တန်းရှေ့နေ (စဉ်-၅၀၈၉၃) |
| အမှတ် (၁၀၆)၊ ပထမထပ်၊ (၃၉)လမ်း၊ | အမှတ် (၁၀၆)၊ ပထမထပ်၊ (၃၉) လမ်း၊ |
| ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်း ၀၉-၄၂၂၄၆၀၀၅၃ | ဖုန်း ၀၉-၉၇၁၅၉၅၆၀၃ |

## မူး ယစ် ဆန့် ကျင် အောင် ပွဲ ဆင်




၂၀၁၉ စက်တင်ဘာလ အထိ ကံစမ်းခွင့်ရရှိရန် MAB MOBILE နှင့် ငွေလွှဲ ငွေပေးချေ ငွေဖြည့်ပါ။

Available on the App Store

GET IT ON Google Play

ကြော်ငြာ

## ဦးညီညီကျော် (အောင်သုခယောဂီဟောင်း)

**အသက် (၆၃) နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ (၄) လမ်း၊ တိုက် (၅၃/၅)နေ ဒေါ်ခင်နှင်းပွင့်၏ ခင်ပွန်း၊ ကိုအာကာကျော်-Dr. ချိုဇင်သန်း၊ ကိုမောင်မောင်ထူးအောင်လင်း-မခင်သူဇာကျော်၊ ကိုဆုမောင်လင်း-မနှင်းဝေဝေကျော်၊ ကိုဆန်နီကျော်-မသင်းသင်းယု တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၄-၈-၂၀၁၉ ရက် နံနက် ၅း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင်ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၂၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)(ဒိုက်ဦး)**

**အသက် (၈၁)နှစ်**

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၊ ရာသက်ပန်အသင်းဝင် ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း) သည် ၁၁-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း

**ဗိုလ်မှူးကြီးရဲဖုန်းမြင့်(ငြိမ်း)**

**အသက်(၆၈) နှစ်**

**ကြည်း/၁၃၁၃၅၊ DSA(16)**

**သူရဲကောင်းမှတ်တမ်းဝင်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း**

၉-၈-၂၀၁၉ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားသော ဗိုလ်မှူးကြီး ရဲဖုန်းမြင့်(ငြိမ်း)၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အရာရှိ၊ အရာခံများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ကြီး၊ ဒုဝန်ကြီးများ၊ စစ်တက္ကသိုလ် အပတ်စဉ်(၁၆)မှ ရဲဘော်ရဲဘက် သူငယ်ချင်းမိသားစုများ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာအသီးသီးမှ အကြီးအကဲများ၊ ဆရာသမားများ၊ တပည့်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ အထက(၁)ဒဂုံမှ သူငယ်ချင်းများ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းမှ မိသားစုဝင်များ၊ ဆေးရုံတက်နေစဉ်အတွင်း ဝိုင်းဝန်းစောင့်ရှောက်ပေးကြပါသော ဂရန်းဟံသာ အင်တာနေရှင်နယ်၊ ဆေးရုံကြီးမှ ပါရဂူ ဆရာဝန်ကြီးများနှင့် သူနာပြုများ၊ ကွယ်လွန်သူ၏ ဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူး တင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဒေါ်တီလ်ကျန်ဇိန် Daw Tial Can Zing**

**အသက် (၄၀)**

ချင်းပြည်နယ်၊ ဟားခါးမြို့ ဝန်ကြီးများအိမ်ရာနေ ချင်းပြည်နယ်ဥပဒေချုပ် ဦးထန်ကျုံး(ခ)ဆန်နီဇာဟိုး၏ ချစ်လှစွာသောဇနီး၊ Ceu Hu Thang (ပထမနှစ်၊ ဥပဒေ)၊ Lian Cin Cung၊ Biak Cin Thang၊ Zing Dawh Pan၊ Dawt Hlei Sung တို့၏ ချစ်လှစွာသောမွေးသမိခင်သည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) မြန်မာစံတော်ချိန် ည ၁၉း၃၀ နာရီတွင် ဂျာမနီနိုင်ငံ၊ Nuremberg မြို့၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချင်းပြည်နယ်အစိုးရအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးသိန်းအောင် (ငြိမ်း)**

**ကြည်း-၉၈၀၉၊ OTS (29)**

**အသက် (၈၁) နှစ်**

မြိတ်မြို့ အောင်သုခရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ အမှတ် (၅၁)နေ ဒေါ်ယဉ်ယဉ်၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး သိန်းအောင် (ငြိမ်း)သည် ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS (29) မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁)၊ မြေကွက်အမှတ်-၂၉/က၊ ဧရိယာ( ၁၈'.၆"/၁၉ ×၆၀') မြေကွက်တည်နေရာအမှတ်(၂၉/က)၊ တေးဥယျာဉ်(၂)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးတင်သန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်သန်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အိအိသက်[၈/ရနခ(နိုင်)၀၇၄၅၆၇]မှ မြေချပါမစ်မူရင်းသည် နာဂစ်လေမုန်တိုင်းကြောင့် ပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်နှင့် အရောင်းအဝယ်အရပ်ကတိစာချုပ်တို့အား တင်ပြ၍ ပါမစ်ပျောက် ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်တင် (ဖားအံ)**

**အသက်(၉၇)နှစ်**

**သူငယ်ချင်း Dr. ဝါဝါအောင် ၏**

**ချစ်လှစွာသော မိခင်သည် (၁၂.၈.၂၀၁၉) တနင်္လာနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။**

**ကောင်းရာသုဂတိလားပါစေ။**

**Class Of 1987 IM(1) ဘွဲ့ရ သူငယ်ချင်းများ**

# အထူးကျေးဇူးတင်ရှိပါကြောင်း

# ဦးနိုင်ထွန်း၊ မြန်မာ့မီးရထား (ငြိမ်း)

# အသက် (၇၇)နှစ် (စစ်တွေမြို့)

၁၀-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးနိုင်ထွန်း နာမကျန်းဖြစ်စဉ်က ဆေးရုံတက်စဉ်အထူးဂရုစိုက် ကုသပေးခဲ့ကြပါသော မြောက်ဥက္ကလာပမြို့နယ် O.S.Cအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ သမားတော်ဒေါက်တာ ဒေါ်သန္တာချိုနှင့်သူနာပြုဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ အရှေ့ဒဂုံ(၅)ရပ်ကွက်၊ သစ္စာအထူးကုဆေးခန်းမှ ဒေါက်တာမြတ်သူ၊ ဒေါက်တာယမင်းနန္ဒာအောင်နှင့် သူနာပြုဆရာ၊ ဆရာမများ၊ ဇီဝါဆေးကုမ္ပဏီမှ ဒါရိုက်တာဒေါက်တာဦးစောမြအောင်၊ ဒေါက်တာဒေါ်မိုးမိုးသန်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ နယ်စပ်ဒေသတိုင်းရင်းသားများပညာရေးဖောင်ဒေးရှင်းလူကြီးများအား လည်းကောင်း၊ ရွှေဝါ ရောင်အရေးတော်ပုံဆရာတော်များအားလည်းကောင်း၊ (၈၈)မျိုးဆက်ကျောင်းသားများ (ABSDF)ဥက္ကဋ္ဌ ဦးသံခဲနှင့်အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် အဖွဲ့များအားလည်းကောင်း၊ ဒဂုံမြောက်ပိုင်းမြို့နယ်(၄၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် လူကြီးများအားလည်းကောင်း၊ (၄၆)ရပ်ကွက်လုံးဆိုင်ရာ စေတနာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌနှင့်တကွ အသင်းသား/အသင်းသူများအားလည်းကောင်း၊ နာရေးကိစ္စအစအဆုံးတိုင် ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးများ၊ အသိမိတ်ဆွေအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

# သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာ လှပ စိမ်းမြမြ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယကာကြီး**

**ဦးခင်မောင်**

**အသက် (၈၈) နှစ်**

စစ်ကိုင်းမြို့ ဈေးကုန်းရပ်၊ နန္ဒိယာရာမကျောင်း အရှေ့လမ်းနေ (ဦးဆင်-ဒေါ်စောလှ)တို့၏ သား၊ (ဦးလှမောင်-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ဦးအောင်နိုင်လတ်-ဒေါ်စိုးစိုးမော်(လူမှုဝန်ထမ်းဦးစီးမှူး၊ ကျောက်မဲ)၊ ဒေါ်သန်းသန်းနွယ်(တသသ ရေဆေးဆီလိုက်နှင့်စတိုး)၊ ဦးစိုးမြင့်အောင်-ဒေါ်ချိုချို၊ ဦးထွန်းမြင့်ဦး(ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန)-ဒေါ်သက်မြတ်စိုး(အထက-ခွဲ၊ ညောင်ကုန်း)၊ ဦးကျော်ထွန်းအောင်-ဒေါ်ကြီးခိုင်တို့၏ကျေးဇူးရှင်ဖခင်၊ မြေး ခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်ရင်မေ၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သည် ၁၃-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်**
**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေမီစံဒွန်း**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရှေ့နေချုပ်ရုံး**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ နံ့သာကုန်းလမ်း၊ အမှတ်(၁၅၉/A)နေ သူငယ်ချင်း ဒေါ်အေမီစံဒွန်းသည် ၁၄-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**
**ဒေါ်အေးအေးကြည်၊ ဒေါ်ကျင်စန်း၊**
**ဒေါ်သင်းသင်းမြ၊ ဒေါ်ခင်စန်းရီ၊**
**ဒေါ်ခင်စန်းကြည်၊ ဒေါ်ခင်ထားရီ၊ ဒေါ်အေးအေးမင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသောင်းညွန့်**

**အသက်(၆၅) နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ် (၇၇၄)နေ ဦးသောင်းညွန့် (တရားလွှတ်တော်တရားသူကြီး-ငြိမ်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်)သည် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **အပတ်စဉ်(၁) တရားရေးအရာရှိများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမျိုးအောင် (Caesar Ba Chit)**

**အသက် (၆၈) နှစ်**

၁၂-၈-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးမျိုးမင်း(ငြိမ်း)**
**ဦးကျော်မင်းလွင်-ဒေါ်မော်မော်မင်း**
**သမီး-မျက်သွယ်ကျော်**
**သား-ကောင်းထက်ကျော်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသောင်းညွန့်**

**အသက်(၆၅) နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ် (၇၇၄)နေ ဦးသောင်းညွန့် (တရားလွှတ်တော် တရားသူကြီး-ငြိမ်း၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်)သည် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊**
**တရားလွှတ်တော်တရားသူကြီးများ၊**
**ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့်**
**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးကျော်ကျော်**

**ဦးချစ်လက်ဖက်ရည်ဆိုင်-ရန်ကုန်တက္ကသိုလ်-ပင်မ**

**အသက် (၆၆)နှစ်**

သူငယ်ချင်း ဒေါ်မြင့်မြင့်ကြည် (၇၉-အီကို)၏ခင်ပွန်း ဦးကျော်ကျော်သည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ည ၈း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**၁၉၇၉- ခုနှစ် စီးပွားရေးတက္ကသိုလ်**
**ဘွဲ့ရသူငယ်ချင်းများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၆)၊ မြေကွက်အမှတ် (၁၁၃၃)၊ မင်းရဲကျော်စွာလမ်း၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာဌာနတွင် ဒေါ်သန်းသန်းလွင် [၇/ဖမန(နိုင်)၀၀၁၃၃၃]မှ အမည်ပေါက်လျက်ရှိပြီး အဆိုပါမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်၍ (S.P)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဝင်း [၇/ကဝန(နိုင်)၀၂၂၉၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမြတ်ထွန်း (B.Sc, R.L)** | **ဒေါ်သဲစုထွေး (LL.B,D.B.L,D.M.L,D.I.L)** |
| **(စဉ်-၃၆၉၀)** | **(စဉ်-၁၂၁၇၃)** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅**

# ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

ဘုရား၊ ကျောင်း ဒါယကာကြီး

## လျှောင်ကင်စွိ (ခ) ဦးကျင်ရွှေ (သုံးခွ)

**အသက် (၇၂) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အောင်ဇေယျလမ်း၊ အမှတ်(၅၀)နေ (ဦးလောဝါး-ဒေါ်မြင့်)တို့၏ဒုတိယသား၊ သန်လျင်မြို့နေ (ဦးယုစိန်)-ဒေါ်ရှုအိမ်တို့၏ သားသမက်၊ ဦးမျိုးခိုင်(ခ)ဦးကင်ဘုတ်-ဒေါ်ရင်နုတို့၏ညီ၊ ဦးစိန်ကြည်-ဒေါ်ဘေဘီ၊ ဦးခင်ဦး-ဒေါ်ဘွန်းကျုပ်၊ ဒေါ်မြင့်ရီ-ဦးထွန်းမြင့်တို့၏အဘိုး၊ ဒေါ်ရီရီသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးအောင်-မချယ်ရီ၊ မခင်မျိုးသွယ်-ကိုခင်မောင်စိုး၊ မသွယ်သွယ်အောင်-ကိုကျော်နိုင်မင်း၊ ကိုဌေးအောင်ဆွေ-မသင်းသင်းစုတို့၏ကျေးဇူးရှင် မွေးသဖခင်၊ မောင်သန့်ဇင်ဟိန်း၊ မမေဘုန်းပြည့်၊ မောင်မြတ်ဘုန်းခန့်၊ မကွိုင်ကွိုင်၊ မောင်အားချွန်တို့၏အဘိုး လျှောင်ကင်စွိ(ခ)ဦးကျင်ရွှေသည် ၁၃-၈-၂၀၁၉ရက် နံနက် ၁၁း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသောင်းညွန့်

မန္တလေးတိုင်းတရားလွှတ်တော်တရားသူကြီး (ငြိမ်း)

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ်(၇၇၄)နေ (ဦးကျန်ထွန်း-ဒေါ်ငွေမြ)တို့၏ သား၊ ဦးငွေသန်း-ဒေါ်အုံးရီတို့၏သားသမက်၊ ဒေါ်ဥမ္မာသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မကြည်လဲ့ဝေ၊ မနှင်းယုသောင်းတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၄-၈-၂၀၁၉ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးဌေးဝင်းဇော်

ကာတွန်းဌေးဝင်းဇော်၊ "ဇော်" ကလေးဂျာနယ်

**အသက် (၆၀)**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် (၁၁) လမ်း၊ အမှတ်(၁၀၈၄/က)နေ (ဦးဇော်ဖေ-ဒေါ်ညွန့်ရီ)တို့၏သားလတ်၊ ဒေါ်လှလှဌေး၏ခင်ပွန်း၊ ဗိုလ်ကြီးရဲနောင်ဇော်-ဒေါ်ကေသီတာမြင့်သိန်းဖေ၊ မယုနန္ဒာဇော်၊ မောင်ဇော်ဇင်ထက်တို့၏ ဖခင်၊ မောင်ဟိန်းသုထက်ဇော်၊ မောင်ရှိုင်းသုတဇော်တို့၏အဘိုး၊ ဦးအေးမြင့်ဇော်-ဒေါ်တင်တင်သန်း၊ ဦးမျိုးသန့်စင်-ဒေါ်ခင်အေးဇော်တို့၏ညီ/မောင်၊ ဒေါ်မေသွင်ဇော်၊ (ဦးစိုးနိုင်)၊ ဒေါ်ခင်ခင်ဇော်၊ ဒေါ်ဝါဝါမောင်၊ ဦးသောင်းထွဋ်ဇော်-ဒေါ်မိုးချယ်ရီ၊ (ဦးအောင်မိုးဇော်)၊ ဦးစိုးမိုးဇော်တို့၏အစ်ကိုသည် ၁၄-၈-၂၀၁၉ ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လွင်လွင်ကျော်

အ.မ.က(၁၂)၊ တောင်ဥက္ကလာပ၊ မူ/ပြ (ငြိမ်း)

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၂၃၂)နေ (ဦးစံကျော်သာ-ဒေါ်ကျော့တင်)တို့၏သမီး၊ (ဦးအောင်သန်း-ဒေါ်စိန်ကြည်)တို့၏ သမီးချွေးမ၊ (ဦးဇော်သန်း)၏ဇနီး၊ (ဦးအုန်းကြိုင်)-ဒေါ်မြမြဦး၊ ဦးခင်မောင်ဝင်း-ဒေါ်အေးအေးသာ၊ ဒေါ်တင်တင်စံတို့၏ ညီမ၊ ဦးအောင်မိုးသာ-ဒေါ်မင်းမင်းအေးတို့၏ အစ်မ၊ မခိုင်စံဝေဖြိုး (Save the Children Myanmar)၏ ချစ်လှစွာသောမိခင်၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်သည် ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၉ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကောင်းထက်မြင့် (ကြည်း-၄၄၃၂၆)

BCSC, MCSC (DSA-48)

**အသက် (၃၃) နှစ်**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်ကုံညွန့်ရပ်ကွက်၊ ဇဗ္ဗူမေတ္တာလမ်း၊ အမှတ် (၁၇၄/ခ)နေ ဦးခင်မောင်မြင့်-ဒေါ်ကျင်ကျင်နုတို့၏ သားလတ်၊ ကိုချမ်းသာမြင့်၏ညီ၊ မောင်အာကာထက်မြင့်၏အစ်ကို ဗိုလ်မှူးကောင်းထက်မြင့်သည် ၉-၈-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁၂း၅၀ နာရီတွင် အမှတ်(၁၁) စစ်မြေပြင်စစ်ဆေးရုံ(ခုတင်-၁၀၀) ဇန်းမော်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဟန်းတဲသုသာန်သို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မောင်ကျော်ထက်အောင် (၂၈)နှစ်

WATGYI-TATTOO ARTIST

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၅၆)၊ (ပ)ထပ်(ညာဘက်)ခန်းနေ [ဦးအောင်ညွန့်(ဒုတိယအယ်ဒီတာချုပ်၊ ဗိုလ်တထောင်သတင်းစာ)-ဒေါ်တင်တင်အေး]၊ [ဦးညွန့်မောင်(ခ)ဦးဇော်ဝင်း(စာရင်းစစ်ချုပ်ရုံး)]-ဒေါ်သန်းသန်းညို၊ (ဒေါ်သန်းသန်းဦး)၊ ဦးသိန်းထွဋ်ဦး(တရားလွှတ်တော်ရှေ့နေ)တို့၏မြေး၊ ဦးမောင်မောင်ကြည်(ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ၁၁-ရပ်ကွက်)၊ ဒေါ်မိမိခိုင်(လ.ဝ.က၊ တောင်ပိုင်းခရိုင်ဦးစီးမှူးရုံး)-ဦးလှိုင်မြင့်၊ ဦးသောင်းထွဋ်ဦးတို့၏တူ၊ ဦးမင်းလွင်ဦး-(ဒေါ်သန်းသန်းမြင့်)တို့၏သား၊ မောင်ကျော်ဆက်အောင်၊ (မောင်ရဲမင်းဟိန်း)၊ မဆုဝတီနွယ်(တ-နှစ်၊ ဆေး-၁)၊ မအိဖြူစင်မောင်၊ မောင်သန့်ဇော်အောင် (အထက-၂၊ လမ်းမတော်)တို့၏အစ်ကိုသည် ၁၃-၈-၂၀၁၉(အင်္ဂါနေ့) ညနေ ၆နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒုအရာခံဗိုလ် ထင်ကျော်(ငြိမ်း)

အမှတ်(၁) တပ်မတော်တပ်ထိန်း

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့နေ ဦးကျင်မြိုင်(ဆ.သ.ရ-ငြိမ်း)-ဒေါ်မေရီရှိန်(လ.ပြ-ငြိမ်း)၊ ဦးမြင့်စိုး(က.စ.လ-ငြိမ်း)-ဒေါ်အမာကြည်ရှိန် (က.စ.လ-ငြိမ်း)၊ ဦးထွန်းမြင့် (UTM)-ဒေါ်ဌေးဌေးစိုး(ညွှန်မှူး-ငြိမ်း၊ အ.လ.ည)၊ ဒေါ်စီစီရှိန်(လ.ဝ.ကမှူး၊ အရှေ့ပိုင်းခရိုင်)တို့၏မွေးသဖခင်၊ မြေးခြောက်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုး၊ မြောက်ဒဂုံမြို့နယ်၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဉာဏလမ်း၊ အမှတ်(၆၂၅)နေ ဦးထင်ကျော်(ဒုအရာခံဗိုလ်-ငြိမ်း)သည် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## တပ်ကြပ်ကြီးမောင်ကျော် (ခ) ဦးတင်မောင် (ငြိမ်း)

**အသက်(၈၀)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဗိုလ်မှူးမောင်ညို-ဒေါ်သန်းသန်း)တို့၏သား၊ ဒေါ်ခင်မြင့်မြင့်၊ (ဦးတင်ထွဋ်)တို့၏ ညီ/မောင်၊ ဒေါ်ယဉ်ယဉ်မြ ဦးဖေသန်း၊ ဒေါ်ချိုချို၊ ဒေါ်ညိုညိုသက်၊ ဦးအုန်းသွင်၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်တင်မေလေး၊ ဒေါ်ခင်မာဌေး၊ ဦးခင်မောင်အေး၊ ဒေါ်စုစုထွေးတို့၏အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ သင်္ဃန်းကျွန်းကြီး၊ အမှတ်(၆၁)၊ အောင်စည်းခုံဘုရားလမ်း၊ ကျောင်းကြီးရပ်ကွက်နေ (ဦးကိုကိုနိုင်)-ဒေါ်ချောချောတင်၊ တပ်ကြပ်ကြီးကျော်ကျော်ထွေး-ဒေါ်မိုးမိုးကျော်(ပယန-နေပြည်တော်)၊ ဦးနေဇင်ထွဋ်(ခ)ကိုမိုး-ဒေါ်အေးအေးသွယ်၊ ဦးသိန်းထွန်းဝင်း၊ ဦးညီညီ-ဒေါ်ယုယုမွန်၊ မောင်ဇင်ဟန်လင်း-မသဇင်နွယ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ရွှေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၀ နာရီတွင် တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် ကျောင်းကြီးရပ်ကွက်၊ အောင်စည်းခုံဘုရားလမ်း၊ အမှတ်(၆၁) နေဒေါ်ခင်ရွှေ၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်နွဲ့နွဲ့

**အသက် (၇၈) နှစ်**

အလက(၅) သာကေတ (ငြိမ်း)

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ (၇) ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် (၄၄၁)၊ ပန်းခြံ (၈) နေ ဦးတင့်မိုး (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ ဇနီး၊ ဒေါ်မြတ်နွယ်မိုး-ဦးထွန်းဝဏ္ဏအေး၊ (ဦးဇော်အောင်မိုး)၊ ဒေါ်မြတ်သူမိုး-ဦးဇော်လင်းတို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) ည ၁၀း၅၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်ဝင်း

အ.ထ.ပြ(ငြိမ်း)၊ မြန်အောင်

**အသက် (၇၄) နှစ်**

မြန်အောင်မြို့နေ (ဦးဟုတ်ကြိုင်-ဒေါ်ကြိုင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးအောင်ဒင်-ဒေါ်မြမြင့်)တို့၏ သမီးချွေးမ၊ (ဦးဝင်းကြည်)-ဒေါ်ဝေဝေသန်း၊ (ဦးစိုးမြင့်)-ဒေါ်ခင်ဆွေဝင်း၊ ဦးခင်ဇော်-ဒေါ်ဌေးဌေး၊ (ဦးသိန်းဝင်း)-ဒေါ်ခင်အေးမြင့်၊ ဦးဉာဏ်ဝင်း-ဒေါ်သန္တာဆွေ၊ ဒေါ်ရူပဝတီတို့၏ ညီမ/အစ်မ၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဓမ္မာရုံလမ်း၊ အမှတ် (၄၂)၊ သုံးလွှာနေ [ဦးမြင့်အောင်(မြန်မာ့ရေနံ)]၏ ချစ်လှစွာသောဇနီး၊ ကိုကျော်ညီညီနိုင်-မစုစုမြင့်၊ ကိုနိုင်ဦး၊ ကိုသက်ထွန်း-မဇင်ဇင်ပြုံး၊ ကိုရန်ပိုင်တို့၏ မိခင်၊ မယမင်းသော်တာ၊ မောင်ကောင်းဇံထူး၊ မောင်သော်သီဟထူး၊ မပြည့်ပြည့်မှူးပိုင်တို့၏အဘွား ဒေါ်ညွန့်ညွန့်ဝင်းသည် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၀ နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှိုင်(လကမ္ဘာစတိုး၊ မုံရွာမြို့)

**အသက် (၇၂) နှစ်**

မုံရွာမြို့ ရုံးကြီးလမ်း၊ ရုံးကြီးရပ်နေ ကိုနိုင်ဝင်းလှိုင်-မနွဲ့နွဲ့မင်းတို့၏ မိခင်သည် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းဒါယကာကြီး

## ဦးသိန်းပို (သူရဲသမိန်)

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပညာလမ်း၊ အမှတ်(၁၀၀၄)နေ (ဦးစိန်ဘန်း-ဒေါ်အေးကျင်)တို့၏သား၊ ဦးခင်မောင်လတ်-ဒေါ်နုတို့၏မောင်၊ ဒေါ်သိန်းအေး၏အစ်ကို၊ ဒေါ်အိ(ဒေါ်ပုခြင်ထောင်)၏ခင်ပွန်း၊ ကိုဇော်မိုး-မအိပိုပိုဇင် (ခေတ္တ-ဩစတြေးလျ)၊ ကိုနေမျိုးအောင်-မအိပိုပိုလွင်တို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုး ဦးသိန်းပိုသည် ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆း၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မှီ (သူရဲသမိန်)

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ အမှတ်(၂၂၂)၊ ကံကော်ရိပ်သာ(၁)နေ (ဦးလှဖေ-ဒေါ်မြရင်)တို့၏ သမီး၊ (ဦးကျော်သိန်း)၏ဇနီး၊ ဦးစိုးတင့် (Soe & Sons Co.,Ltd)-ဒေါ်ခင်ခင်ထူး၊ ဦးသက်မြင့်-(ဒေါ်မြင့်မြင့်ထူး)တို့၏မိခင်၊ ဦးနေဇင်စိုးတင့်-ဒေါ်ငြိမ်းငြိမ်းအိ၊ ဦးနေပိုင်စိုး-ဒေါက်တာရွှေဝါဖူး၊ ကိုထူးပြည့်စုံအောင်-မနှင်းဦးရွှေ၊ ကိုဇော်လင်းအောင်-မဇင်မာသက်၊ ကိုအောင်လှိုင်စိုး-မနှင်းသက်သက်၊ ကိုကျော်သက်ခိုင်-မခိုင်ခိုင်မြင့်တို့၏အဘွား၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး ဒေါ်မှီသည် ၁၃-၈-၂၀၁၉ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇-င ၂၊ မြေကွက်အမှတ် ၉၄၊ မြေကွက်တည်နေရာအမှတ်(၃၀)၊ မင်္ဂလာလမ်း၊ စမ်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ [ဒေါ်လှလှ (ပီဂျီယူ)၂၀၀၃၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်လှလှသည် (၇-၁၂-၂၀၁၅) ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးကျော်ရွှေ [၁၂/စခန (နိုင်) ၀၁၆၇၈၆]မှ တရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မှ အမွေဆက်ခံသူမရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ၄-၆-၂၀၁၉ ရက်နေ့တွင် ပြုလုပ်သော ကျမ်းကျိန်လွှာ အမှတ်စဉ် ၆/၂၅၃ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) ဂရန်တို့ကို တင်ပြ၍ အပိုင်ပေးမြေပုံကူးနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်း
ရ
ပြည်
လည်း
လှ

## ဦးတင်ထွန်း (ခ) ဦးလှ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်စာတိုက်ကြီး

ဆ.သ.ရ (၁)၊ ငြိမ်း

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ (ဦးအုန်းရွှေ-ဒေါ်မူမူ)တို့၏ သားကြီး၊ (ဦးသောင်း-ဒေါ်ကြည်)တို့၏ သားသမက်၊ (ဦးကျော်မြင့်-ဒေါ်မြခင်)၊ (ဦးအောင်ခင်)-ဒေါ်တင်ကြည်၊ ဦးအောင်ကျော်ထွန်း-ဒေါ်တင်တင်ဌေး၊ ဦးစိုးမြင့်-ဒေါ်စမ်းမြင့်၊ (ဦးအောင်မြင့်)တို့၏အစ်ကိုကြီး၊ (ဦးကျော်ကျော်ဦး)၊ ဒေါ်နွဲ့နွဲ့စန်း၊ ဦးစိုးဝင်းအောင်(ခေတ္တ-မလေးရှား)၊ ဦးရဲဝင်းလတ်-ဒေါ်ထွေးထွေးမာတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ရွှေပြည်သာမြို့နယ်၊ (၅/၄) ရပ်ကွက်၊ ဇီဇဝါ(၁)လမ်း၊ အမှတ်(၉၉-က)နေ ဒေါ်ခင်သန်းရင်၏ခင်ပွန်း ဦးတင်ထွန်း(ခ)ဦးလှသည် ၁၄-၈-၂၀၁၉ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကော့သောင်းမြို့နယ်အသင်း (ရန်ကုန်)

ရာသက်ပန်အသင်းဝင်အမှတ်(၃၅၄)

## ဦးတင်မြင့်(အမိမြေ) (ကော့သောင်း) အသက်(၈၀)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်နေ ဒေါ်စမ်းစမ်းအေး၏ခင်ပွန်း၊ ကိုနေမျိုးထွန်း-မအေးအေးခိုင်၊ ကိုညွန့်ဝင်း-မအေးအေးမြိုင်၊ ကိုမျိုးစည်သူ-မသဇင်အောင်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုး ဦးတင်မြင့်သည် ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်အေမီစံဒွန်း

လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

**အသက် (၇၅) နှစ်**

အင်းစိန်မြို့နယ်၊ နံ့သာကုန်းလမ်း၊ အမှတ်(၁၅၉/အေ)နေ (ဦးစံဒွန်း-ဒေါ်မူလေး)တို့၏သမီး၊ ဦးထိန်ဝင်း-ဒေါ်မြသီ၊ ဒေါ်စီစီလာယာ၊ ဒေါ်ဇီးနာဒွန်းတို့၏အစ်မကြီး၊ အေမီဟူဖါ-ရပ်စယ်ဟူဖာ၊ စောညီဒွန်း-နော်ပရစ်စယ်ယာတို့၏အဒေါ်၊ စိုဖီယာ၏အဘွားသည် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော် သွားပါသဖြင့် ၁၆-၈-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီတွင် တောင်သူကုန်းကရင် နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ရင်ရင်ချစ်

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၆၀)၊ ဗားကရာလမ်း၊ သာသနာ့ဝင်းနေ ဒေါက်တာဦးချစ်-ဒေါ်ဒီတို့၏စတုတ္ထသမီး၊ ဒေါ်စန္ဒာဦး-ဦးဖိုင်းယယ်၊ ဦးသန်းဇော်ဌေးတို့၏မိခင်၊ စသာထက်၊ မပိုင်းရွှေရတီတို့၏ ဘွားဘွား၊ (ဗိုလ်သိန်းဟန်)-ဒေါ်ခင်ခင်ချစ်၊ ဦးသာစိန်-ဒေါ်မြမြချစ်၊ ဒေါက်တာမြင့်အောင်ခင်-ဒေါက်တာလှလှချစ်တို့၏ညီမ၊ (ဦးဇော်မင်းအောင်)-ဒေါ်လိုက်လိုက်မြိုင်၊ ဦးဇော်ထွန်းနောင်-ဒေါ်ဥမ္မာထွန်းနောင် (ခေတ္တ-စင်ကာပူ)တို့၏ အစ်မ၊ တူ/တူမ ၁၂ ယောက်တို့၏ ဒေါ်လေးသည် ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၈-၂၀၁၉ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ခြင်းနှင့် မီးသင်္ဂြိုဟ်ခြင်းအစီအစဉ်ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအအကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်နှစ်ခြင်း ဘုရားကျောင်းမှ ကားများနံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ဌေး

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန(ငြိမ်း)

**အသက် (၇၀)**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာနေ (ဦးချမ်းသာ-ဒေါ်သင်းထုံ)တို့၏ သား၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း (၁)လမ်း၊ တိုက်(၈)နေ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ ဒုတိယ ဗိုလ်မှူးကြီးခင်ဇော်မိုး-ဒေါ်ဆွေဆွေဦး၊ ဦးဇော်ဇော်လတ်(ဦးစီးအရာရှိ၊ အလုပ်သမားဥပဒေစစ်ဆေးရေး)-ဒေါ်ဆွေဆွေမြင့်၊ Captain: ဘုန်းပြည့်ဇော် (Sky Line Shipping Co., Ltd)-ဒေါ်လဲ့လဲ့အောင်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၁)လမ်း၊ တိုက်(၈)နေ ဒေါ်မြင့်မြင့်သန်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မမိုးလသွယ်

**အသက် (၁၆) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ (၁၆၆)လမ်း၊ တိုက်(၇၀)၊ ရှစ်လွှာ(B)နေ (ဦးကျော်ထင်-ဒေါ်ခင်စိုး)၊ (ဦးမြင့်ဆွေ)-ဒေါ်မြင့်မြင့်အုန်းတို့၏မြေး၊ ဗိုလ်မှူးအောင်ကျော်မိုး (ငြိမ်း)(Deputy Managing Director, Myanmar Wise-Pacific Apparel Yangon Co., Ltd)-ဗိုလ်ကြီးစုယဉ်ကျေး(ငြိမ်း)တို့၏သမီး၊ မောင်မိုးသော်ထက် (Diploma in Construction Engineering, BCA Acadmy-Singapore)၊ မမိုးခင်တွယ်(ပထမနှစ်၊ ဥပဒေ၊ ရန်ကုန်တက္ကသိုလ်)တို့၏ ညီမသည် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၉ (သောကြာနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၁၄**

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ၏ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။





ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဗဟိုကော်မတီဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ဗဟိုကော်မတီဝင်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ(၆)ခုမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ »»

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေကြီးရေလျှံမှုနှင့် မြေပြိုဘေးကျရောက်ခဲ့သော ဒေသများသို့ သွားရောက်ခဲ့သည့် ခရီးစဉ် တွေ့ရှိချက်များနှင့်စပ်လျဉ်းသည့် သုံးသပ်ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၄**


ရေကြီးရေလျှံမှုနှင့် မြေပြိုဘေး ကျရောက်ခဲ့သည့် ဒေသများသို့ အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သွားရောက်ခဲ့သည့် ဩဂုတ် ၁၀ ရက်မှ ၁၂ ရက် ခရီးစဉ်အတွင်း တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် သုံးသပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေကြီးရေလျှံမှုနှင့် မြေပြိုဘေးကျရောက်ခဲ့သည့် ဒေသများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း တွေ့ရှိချက်များနှင့်စပ်လျဉ်းသည့် သုံးသပ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အာရှတော်ဝင်ဆေးရုံ
Asia Royal Hospital
Follow us on facebook
အာရှတော်ဝင်ဆေးရုံကြီးတွင် နှလုံးအထူးကုသမားတော်ကြီးများနှင့် ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများဖြင့်ဖွဲ့စည်းထားသော Cardiac Team မှ GE (Cath Lab) စက်ကြီးဖြင့် နှလုံးသွေးကြောပိတ်သော/ကျဉ်းသောရောဂါဝေဒနာရှင်များကို နှလုံးသွေးကြောချဲ့ကုသပေးလျှက်ရှိပါသည်။ နှလုံးသီးသန့် Medical Check Up ပြုလုပ်ခြင်းကိုလည်း ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

နှလုံးရောဂါ ကုသခြင်းဆိုင်ရာ သွေးကြောချဲ့ကုသမှု
Cath Lab GE (Innova IGS 520)
အမှတ်(၁၄)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: (+951) 2304999, (+951) 538055, Cath-Lab Hotline : (+959) 779964664 (7AM-7PM), (+959) 420314524 (7PM-7AM)